# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမ်းမြို့ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

## အမ်းမြို့သည် ကုန်းလမ်းပို့ဆောင်ရေးအရ အချက်အချာကျသော နေရာဖြစ်သဖြင့် ပထဝီအနေအထားအရ ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ ဖန်တီးဖော်ဆောင်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမ်းမြို့ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❊



ယနေ့ *ဖ တ် စ ရာ*

**မကြာမီဖွင့်လှစ်တော့မည့် သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ** ဆောင်းပါး စာ - ၁၀

**တိုင်းရင်းသားပြည်သူများအား ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်ရေးနှင့် ဘဝတက်လမ်းနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများ အဆင့်ဆင့်တိုးတက်ရရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် ဝင်ရောက်တာဝန် ထမ်းဆောင်ကြပါ** တွေ့ဆုံမေးမြန်း စာ - ၁၆

# မြန်မာ့သမိုင်းစဉ်နှင့် ပညာရှင်တို့၏စွမ်းအား

မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ပျူခေတ်သမိုင်းစဉ် ဆွေးနွေးပွဲကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပမည်ဖြစ်ပြီး စိတ်ဝင်စားသူ ပညာရှင်များကို သုတေသနပြု တွေ့ရှိချက်များ၊ ခိုင်မာသော အထောက်အထားများနှင့်တကွ ပါဝင်ဆွေးနွေးကြရန်လည်း ဖိတ်ခေါ်ထားသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့သမိုင်းအဖွဲ့က မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသားပြုစုလျက်ရှိရာ ယခုကဲ့သို့ ပညာရှင်များတွေ့ဆုံ၍ သမိုင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမှာ အရေးကြီးသည့် လုပ်ငန်းများပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော သမိုင်းနှင့် စပ်လျဉ်း၍ ခေတ်အမီဆုံးစာအုပ်များအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၀ ပြည့်နှစ်က ပညာရှင်များ စုဖွဲ့ပြုစုရေးသားထုတ်ဝေခဲ့သည့် "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" စာအုပ်တွဲများကိုသာ လက်ကိုင်ပြု ကိုးကားခဲ့ကြရသည်။ ယင်းမတိုင်မီက မြန်မာ့သမိုင်းအတွက် အကိုးအကားပြုစရာ စနစ်တကျ သုတေသနပြု၍ ယထာဘူတကျကျ နက်နက်နဲနဲ ဆန်းစစ်သုံးသပ်ရေးသားထားသည့် စာအုပ်စာတမ်း ရှားပါးပြီး နိုင်ငံခြားသား သမိုင်းပညာရှင်များရေးသားခဲ့သည့် သမိုင်းစာအုပ်များနှင့် ၎င်းဆရာတို့၏ အာစရိယောဝါဒ မကင်းသော မြန်မာသမိုင်းပညာရှင်တို့၏ စာအုပ်များ၊ ပဒေသရာဇ်ခေတ် ရာဇဝင်ကျမ်းစာအုပ်များသာ ရှိခဲ့သည်။ တစ်ဖက်တွင်လည်း နိုင်ငံခြားသား သမိုင်းပညာရှင်တို့ မြန်မာနိုင်ငံသမိုင်းအပေါ် လိုရာဆွဲ၍ ပုံပျက်ပန်းပျက်ရေးသားကောက်ချက်ချခဲ့ကြခြင်းကို ပြင်းထန်သည့် မျိုးချစ်စိတ်ဖြင့် တုံ့ပြန်ရေးသားခဲ့ကြသည့် မြန်မာပညာရှင်များ၏ စာအုပ်များလည်း ရှိနေသည်။

နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သည့် "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" စာအုပ်သည် သူ့ခေတ်သူ့အခါတွင် နိုင်ငံတော်အဆင့်ဖြင့် ပညာရှင်များ စုပေါင်းပြုစုရေးသားခဲ့ကြခြင်းဖြစ်ပြီး ထိုစဉ်က သက်ရှိထင်ရှားရှိနေခဲ့သည့် ကိုလိုနီခေတ်ဦး တော်လှန်ရေးသမားကြီးများနှင့် ၎င်းတို့၏ အဆက်အနွယ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်မှ နိုင်ငံရေးခေါင်းဆောင်များ၊ ပါဝင်လှုပ်ရှားခဲ့သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပေးပို့ခဲ့ကြသော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာ၊ အထောက်အထားများ စသည့် အားသာချက်များရှိသကဲ့သို့ သုတေသနကောင်းစွာ မပြုရသေးခြင်းကြောင့် သမိုင်းကွင်းဆက်ပြတ်နေသော အားနည်းချက်များလည်း ပါဝင်နေခဲ့သည်။ အထူးသဖြင့် မြန်မာ့သမိုင်းစဉ်တွင် ကျောက်ခေတ်ပြီးနောက် ကြေးခေတ်နှင့် သံခေတ်တို့ရှိနေကြောင်း အကြမ်းဖျင်းမျှသာ ဖော်ပြနိုင်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်လေ့လာစူးစမ်းမှုနှင့် ကွင်းဆက်ပြောင်းလဲမှုဖြစ်သော တစ်ခေတ်မှ တစ်ခေတ်သို့ ကူးပြောင်းပုံတို့ကို ချန်လှပ်ထားခဲ့ရသည်။ ပညာရှင်များ၏ သုတေသနရှုထောင့်မှ အမြင်အရလိုအပ်ချက်များ၊ လစ်ဟာမှုများရှိနေသည့်အလျောက် ပြည့်စုံမှုမရှိသေးသော "အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း" အဖြစ်သာ ထိုစဉ်က ထုတ်ဝေခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်ပေါင်း ၅၀ ကျော် ကာလအတွင်း မြန်မာ့သမိုင်းဆိုင်ရာ တူးဖော်မှုနှင့် သုတေသနပြု တွေ့ရှိချက်အသစ်များ၊ အထောက်အထားအသစ်များ ထပ်မံတွေ့ရှိလာရပြီး တစ်ချိန်က ဤသို့ဖြစ်တန်ရာ၏ ဟူသော အနုမာန မှန်းဆချက်များ၊ ကွက်လပ်အဖြစ် ချန်ထားခဲ့ရသော သမိုင်းခေတ်များမှာ ရုပ်လုံးပေါ်ပြည့်စုံလာပြီဖြစ်သည့်အတွက် တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ပြန်လည်ပြင်ဆင် ပြုစုရေးသားနေခြင်းပင် ဖြစ်သည်။ သမိုင်းသုတေသနမှာ စဉ်ဆက်မပြတ် ပြုလုပ်နေရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး သမိုင်းစဉ်ကို ပြုစုရေးသားကြရာတွင် သုတေသနပြု တွေ့ရှိချက်များနှင့် ခိုင်မာသည့် သက်သေအထောက်အထားများအပေါ် သစ္စာရှိကြသော၊ ဆန္ဒ၊ ဒေါသ၊ မောဟ၊ ဘယာ ဟူသော အဂတိတရားတို့ ကင်းစင်သော၊ ဉာဏ်ပညာရှေ့ဆောင်သည့် ပညာရှင်ကြီးများ၏ စုပေါင်းစွမ်းအားဖြင့် တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစုရေးသားသည့် လုပ်ငန်းစဉ်ကြီးအား လေးစားစွာ ဂုဏ်ပြုအပ်ပါကြောင်း။ ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကိုပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

(၂၀၂၀) ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်း မရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ် မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင် လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ် တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဇွန် ၁၅

**လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။**

အဆိုပါ (၃၈)ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **ကတညုတာ (သူတစ်ပါးပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း) နှင့် ဉာတကာနဉ္စသင်္ဂဟော (ဆွေမျိုး မောင်နှမတို့ကို စောင့်ရှောက်ခြင်း)** အစီအစဉ် နှစ်ခုကို ဇွန် ၁၈ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို နန်းတော်ရှေ့ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ခူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း(ရွှေနန်းသဘင်)၊ နန်းခင်မွေး၊ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ မိုးပြည့်ပြည့်မောင်နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထို့အပြင် ဇွန် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကတညုတာ (သူတစ်ပါးပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း)နှင့် ဇွန် ၂၃ ရက် (ကြာသပတေးနေ့)တွင် ဉာတကာနဉ္စသင်္ဂဟော (ဆွေမျိုး မောင်နှမတို့ကို စောင့်ရှောက်ခြင်း) တို့ကို ညနေ ၆ နာရီ သတင်းအပြီး၌ တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မင်းပြားတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တပ်နယ်ရိပ်သာ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

### လူမှန်နေရာမှန်ဖြင့် မျှတစွာတာဝန်ပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် တပ်မတော်သားများဖြစ်၍ သွားလာနေထိုင်မှုမှအစ လုပ်ငန်းတာဝန် ထမ်းဆောင်မှုများတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်၍မရဘဲ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းလိုက် မိသားစုပုံစံ ဖွဲ့စည်းဆောင်ရွက်ရသဖြင့် အချင်းချင်း နားလည်မှုနှင့် စည်းလုံးညီညွတ်နေရန်လိုကြောင်း၊ စည်းလုံးညီညတ်ရန်အတွက် နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းပေးသော ထောက်ပံ့ပေးမှုများကို အချိန်မီ မှန်မှန်ကန်ကန်ရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ တာဝန်ပေးအပ်ရာတွင်လည်း လူမှန်နေရာမှန်ဖြင့် မျှတစွာတာဝန်ပေးရန်

> ❖ **လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်၍မရဘဲ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ရမည်၊ အဖွဲ့အစည်းလိုက် မိသားစုပုံစံ ဖွဲ့စည်းဆောင်ရွက်ရသဖြင့် အချင်းချင်း နားလည်မှုနှင့် စည်းလုံးညီညွတ်နေရန်လို၊ စည်းလုံးညီညတ်ရန်အတွက် နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းပေးသော ထောက်ပံ့ပေးမှုများကို အချိန်မီ မှန်မှန်ကန်ကန်ရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန်လို၊ တာဝန်ပေးအပ်ရာတွင်လည်း လူမှန်နေရာမှန်ဖြင့် မျှတစွာ တာဝန်ပေးရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

လိုကြောင်း၊ တပ်မှူးများသည် အရာရှိ၊ စစ်သည် မိသားစုများ၏ ဘဝလုံခြုံရေးကို တပ်မတော်၏ ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန် တာဝန်ရှိ၍ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပေးအပ်သောတာဝန်ကို နောက်ဆံမတင်းဘဲ ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထောက်ပံ့ပေးသည့်ရသင့်ရထိုက်သည်များ အချိန်မှန်ရရှိရန်မှာ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းတာဝန်များကို မလစ်ဟင်းအောင် ကြပ်မတ်နေရမည်ဖြစ်ကြောင်း၊ သင်ကြားပေးသည့် စစ်ပညာများကို မေ့ထား၍မရဘဲ လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့အသုံးချနိုင်ရန်မှာ အမြဲတမ်းလေ့ကျင့်မှုဖြင့်သာ ရရှိနိုင်မည်ဖြစ်၍ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်အတွက် အသင့်ဖြစ်နေစေရေး ပြင်ဆင်ထားရန်လိုကြောင်း။

### ကူညီပံ့ပိုးပေးကြရန်လို

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရှေးယခင်ကပင် အားပေးချီးမြှောက်မှုများ ပြုလုပ်ခဲ့ပြီး ပညာရေးထောက်ပံ့မှုများ သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထူးချွန်သူများကိုလည်း ချီးမြင့်မြှောက်စားသကဲ့သို့ အဆင့်မြင့်ပညာရေးတွင် ထူးချွန်သူများကို မဟာတန်း၊ ပါရဂူတန်းများအထိ သင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ရရှိသည့် အခွင့်အရေးကို အမိအရဆုပ်ကိုင်ကာ အကျိုးရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် တပ်တွင်းနေ မိသားစုသားသမီးများအနေဖြင့်လည်း အနည်းဆုံး KG+9 အောင်မြင်စေရန် သက်ဆိုင်ရာမိဘများသာမက တပ်ပိုင်းဆိုင်ရာဦးစီးဦးဆောင်ပြုနေသည့် တာဝန်ရှိသူများကပါ ကူညီပံ့ပိုးပေးကြရန်လိုအပ်ကြောင်း။

### ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ တပ်မတော်သားတို့၏ လုပ်ငန်းသဘော သဘာဝအရ ကျန်းမာကြံ့ခိုင်နေရန် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိသားစုအရေး၊ နိုင်ငံအရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်ဌာနချုပ်များတွင်လိုအပ်သော ဆေးမှူး၊ သူနာပြု၊ သားဖွားဆရာမများဖြင့် လုံလောက်စွာဖွဲ့စည်း၍ ဆေးဝါးကိရိယာများ ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ မိုးတွင်းကာလ မိုးရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ ကျန်းမာရေးအသိရှိစွာဖြင့် ကြိုတင်ကာကွယ်သွားရန်လိုကြောင်း၊ ကျန်းမာရေးအတွက် တစ်ဦးချင်းနှင့် မိသားစုအလိုက် ကိုယ်တိုင် ထိန်းသိမ်းဂရုစိုက်၍ နေထိုင်စားသောက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

### စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

### ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **ထာဝရငြိမ်းချမ်းရေးကို မျှော်မှန်း၍ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တိုင်းရင်းသား၊ ပြည်သူတို့လိုလားချက်ဖြစ်သော ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို မူဘောင်အဖြစ် ရပ်တည်ကာ ထာဝရ ငြိမ်းချမ်းရေးအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်**
- **ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုနှင့် ပြည်နယ်များ အာဏာကို ခွဲဝေအုပ်ချုပ်ခြင်းဖြစ်ပြီး ကျင့်သုံးသည့် နိုင်ငံအလိုက် ပုံစံ အမျိုးမျိုး ကွဲပြားကျင့်သုံးကြ၊ မိမိတို့ နိုင်ငံအနေဖြင့်လည်း ဒေသ၊ လူမျိုး၊ သမိုင်းကြောင်းကို အခြေခံ၍ လိုက်လျောညီထွေ သည့်ပုံစံဖြင့် ဆောင်ရွက်ရန်လို**

❈ *ရွှေဖုံးမှ*

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အမ်းမြို့နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဒေသဆိုင်ရာ အခြေအနေများကို ပါဝါပွိုင့်ဖြင့်ရှင်းလင်း တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

### ပူးပေါင်းကာကွယ်တားဆီး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် အမ်းမြို့နယ်သည် ၂၀၂၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် ခရိုင်အဖြစ်သို့ တိုးမြှင့်ဖွဲ့စည်းခဲ့သဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စများတွင် ကျောက်ဖြူမှတစ်ဆင့် သွားရန်မလိုဘဲ ပြည်နယ်သို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ မြန်ဆန် ပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ ခရိုင်၏ လုပ်ပိုင်ခွင့်သည်ကြီးမားပြီး တရားရေးဆိုင်ရာကဲ့သို့သော အဆုံးအဖြတ်ပေးနိုင်သည့် အခွင့်အာဏာများ ပေးအပ်ထားသဖြင့် ခရိုင်ဖွဲ့စည်းလည်ပတ်နိုင်ရေး လုပ်နိုင်သည်များ အမြန်ပြီးစီးအောင် လုပ်ဆောင်ရန်လိုကြောင်း၊ အမ်းမြို့နယ်သည် နိုင်ငံ၏အလယ်ပိုင်းနှင့် ရခိုင်ပြည်နယ်အတွက် ဝင်ထွက်ပေါက်နေရာဖြစ်ပြီး တောင်ကုတ်၊ ကျောက်ဖြူ၊ စစ်တွေ၊ မင်းဘူးမြို့များသို့ သွားရောက်နိုင်သည့် ဆုံချက်နေရာဖြစ်၍ အရေးပါသောမြို့တစ်မြို့ဖြစ်ကြောင်း၊ ထိုကဲ့သို့ အရေးပါသော မိမိတို့တာဝန်ထမ်းဆောင်ရာ မြို့မှတစ်ဆင့် မဖြစ်သင့်မဖြစ်ထိုက်သည့် တရားမဝင်ကိစ္စရပ်များ၊ မဖြစ်သင့်မဖြစ်ထိုက်သည့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ လုံးဝ မဖြစ်စေရေး အမျိုးသားရေးအသိစိတ်၊ နိုင်ငံရေးအသိစိတ်၊ လုံခြုံရေးအသိစိတ်တို့ဖြင့် ဒေသနေပြည်သူများနှင့် ပူးပေါင်းကာကွယ်တားဆီးကြရန် လိုကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် နယ်မြေ တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများကို ကြည့်ပါက တည်ငြိမ်အေးချမ်းမှုကိုတွေ့နိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် လက်နက်ကိုင်ပဋိပက္ခများ အနည်းနှင့်အများရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီ အစိုးရလက်ထက်မှစတင်၍ အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးရရှိရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း ခေတ်အဆက်ဆက်တွင် အောင်မြင်ခဲ့သည်များရှိခဲ့သလို မအောင်မြင်မှုများလည်း တွေ့ခဲ့ရကြောင်း၊ အနီးစပ်ဆုံး ကြည့်ပါက ၂၀၁၁ -၂၀၁၅ ပါတီစုံဒီမိုကရေစီ ပထမ အစိုးရသက်တမ်းကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဒုတိယပါတီစုံ ဒီမိုကရေစီ အစိုးရကာလတွင် နှစ်ဖွဲ့ဖြင့် ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ၁၀ ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဖိတ်ခေါ်မှုအရ မြန်မာနိုင်ငံအတွင်းရှိ ပါတီစုံဒီမိုကရေစီစနစ်အား လိုလားဆန္ဒရှိကြသည့်၊ လက်ခံကြသည့် တိုင်းရင်းသားပြည်သူလူထုအများစု၏ ဆန္ဒကို လက်ခံသဘောပေါက်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၆ ဖွဲ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်၍ ထပ်မံလာရောက်ဆွေးနွေးမည့် အဖွဲ့များလည်းရှိနေသေးကြောင်း။

### နိုင်ငံအလိုက် ပုံစံအမျိုးမျိုး ကွဲပြား

ငြိမ်းချမ်းရေးတွင် အဓိကလိုအပ်ချက်သည် ထာဝရငြိမ်းချမ်းရေးရရှိပြီး လက်နက်ကိုင်ပဋိပက္ခ လုံးဝထပ်မံမဖြစ်ပေါ်စေရေးပင်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးကို မျှော်မှန်း၍ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တိုင်းရင်းသား၊ ပြည်သူတို့လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို မူဘောင်အဖြစ် ရပ်တည်ကာ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုနှင့် ပြည်နယ်များ အာဏာကို ခွဲဝေအုပ်ချုပ်ခြင်းဖြစ်ပြီး ကျင့်သုံးသည့် နိုင်ငံအလိုက် ပုံစံအမျိုးမျိုး ကွဲပြားကျင့်သုံးကြကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့်လည်း ဒေသ၊ လူမျိုး၊ သမိုင်းကြောင်းကို အခြေခံ၍ လိုက်လျောညီထွေသည့်ပုံစံဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုချင်သည့်အရာကို လက်နက်ကိုင်၍ တောင်းဆိုခြင်းထက် ငြိမ်းချမ်းရေးစားပွဲဝိုင်း၌တောင်းဆိုခြင်း၊ ပြည်သူ့ကိုယ်စားလှယ်အနေဖြင့် လွှတ်တော်အတွင်း၌ တောင်းဆိုခြင်းသည် ပြည်သူလိုလားသော တောင်းဆိုနည်းအမှန်ဖြစ်ကြောင်း၊ အများပြည်သူလိုလားသည့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုပြုလုပ်နိုင်ရန် ဖိတ်ခေါ်ထားဆဲဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်များမှ နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရန် နယ်မြေတည်ငြိမ်အေးချမ်းရန်လိုကြောင်း၊ တည်ငြိမ်မှုမရှိပါက တရားမျှတသော ရွေးကောက်ပွဲပြုလုပ်နိုင်မည် မဟုတ်သကဲ့သို့ ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန် ရွေးချယ်နိုင်မည် မဟုတ်ကြောင်း၊ ပြီးခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ အကျိုးဆက်ကြောင့် ပေါ်ပေါက်ခဲ့သော ယာယီတိုက်ပွဲရှောင်များကို ယခုလို အေးချမ်းနေသည့်အချိန်တွင် မူလနေရာသို့ ပြန်လည်နေထိုင်နိုင်ရေးနှင့် အလုပ်အကိုင်ပုံမှန် ပြန်လည်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုကြောင်း။

**✻ အမ်းမြို့နယ်သည် နိုင်ငံ၏အလယ်ပိုင်းနှင့် ရခိုင်ပြည်နယ်အတွက် ဝင်ထွက်ပေါက်နေရာဖြစ်ပြီး တောင်ကုတ်၊ ကျောက်ဖြူ၊ စစ်တွေ၊ မင်းဘူးမြို့များသို့ သွားရောက်နိုင်သည့် ဆုံချက်နေရာဖြစ်၍ အရေးပါသောမြို့တစ်မြို့ဖြစ်၊ ထိုကဲ့သို့အရေးပါသော မိမိတို့တာဝန်ထမ်းဆောင်ရာ မြို့မှတစ်ဆင့် မဖြစ်သင့်မဖြစ်ထိုက်သည့် တရားမဝင် ကိစ္စရပ်များ၊ မဖြစ်သင့်မဖြစ်ထိုက်သည့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ လုံးဝမဖြစ်စေရေး အမျိုးသားရေး အသိစိတ်၊ နိုင်ငံရေးအသိစိတ်၊ လုံခြုံရေးအသိစိတ်တို့ဖြင့် ဒေသနေပြည်သူများနှင့် ပူးပေါင်းကာကွယ်တားဆီး**

### စီးပွားရေးလုပ်ငန်းများ ဖန်တီးဖော်ဆောင်

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ အမ်းမြို့သည် ကုန်းလမ်းပို့ဆောင်ရေးအရ အချက်အချာကျသော နေရာဖြစ်သဖြင့် ပထဝီအနေအထားအရ ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ ဖန်တီးဖော်ဆောင်ပေးရန်လိုကြောင်း၊ အမ်းမြို့နယ်တွင် လူဦးရေ ၁၂၀၀၀၀ ကျော် နေထိုင်ပြီး အသားတင်စိုက်ပျိုးမြေဧက ၆ သောင်းကျော်ရှိသဖြင့် စိုက်ပျိုးမြေဧက လုံလောက်မှုရှိရာ စပါးအပါအဝင် အခြားသီးနှံများ ပန်းတိုင်အထွက်ရရှိအောင် လုပ်ဆောင်ခြင်းဖြင့် ဒေသဖူလုံမှုအပြင် ပြည်ပသို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တိုင်းပြည်သာယာဝပြောရေးအတွက် ပန်းတိုင်အထွက်ပြည့်မီရန် လိုအပ်နေသဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာ၊ အဆင့်မြင့်မျိုးကောင်း မျိုးသန့်ရရှိစိုက်ပျိုးနိုင်ရေး အကြံဉာဏ်ပေးခြင်း၊ ပညာပေးခြင်းဖြင့် ပံ့ပိုးသွားရန်လိုကြောင်း၊ မွေးမြူရေးအနေဖြင့် တပ်တောင်နှင့် ပတ်ဝန်းကျင်ကမ်းရိုးတန်းနေရာများသည် ရေလုပ်ငန်းဖြစ်ထွန်းနိုင်ပြီး ဂဏန်း၊ ပုစွန်၊ မွေးမြူမှုကို မိရိုးဖလာ သဘာဝမွေးမြူခြင်းအစား အဆင့်မြင့်နည်းပညာ ရယူ၍ သိပ္ပံနည်းကျလုပ်ဆောင်ခြင်းဖြင့် စီးပွားဖြစ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ဖြစ်ထွန်းအောင်မြင်သော ဒေသတို့မှ နည်းစနစ်များ လေ့လာစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း ကူညီပေးသွားရန်လိုကြောင်း။

ကျန်းမာရေး၊ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ကျန်းမာရေးနှင့် ပညာရေးကို အဓိကဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးကောင်းမွန်မှသာ လူမှုရေး၊ စီးပွားရေး အစစအဆင်ပြေမည်ဖြစ်၍ ကျန်းမာရေးနှင့် လျော်ညီအောင်နေထိုင်စားသောက်ရန်လိုကြောင်း၊ အသက် ၅ နှစ်နှင့် ၁၂ နှစ်အကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် အမ်းမြို့နယ်အနေဖြင့် ၆၄ ဒသမ ၅ ရာခိုင်နှုန်းသာပြီးစီးထား၍ ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ကြိုးပမ်း လုပ်ဆောင်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် စီးပွားရေးကို ထိခိုက်မှုအပြင် အသက်အန္တရာယ်ပါ ထိခိုက်နိုင်သဖြင့် နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး အကြားအလပ်မရှိ ကာကွယ်ဆေးထိုးနှံပြီးစီးရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အားလုံးပူးပေါင်းပါဝင်ရန် ပြောလိုကြောင်း။

### ယခုထက်ပိုမို ကြိုးစားသွားရန်လို

ပညာရေးကဏ္ဍတွင် အမ်းမြို့နယ်၌ ဆရာ ဆရာမ ရာနှုန်းပြည့်နီးပါး လုပ်ငန်းတာဝန်ထမ်းဆောင်နေသည်ကို တွေ့ရကြောင်း၊ ဆရာ ဆရာမများ၏ ကျောင်းသား ကျောင်းသူများအပေါ် ပညာသင်ကြားရန် စည်းရုံးနိုင်မှုကြောင့် ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်သင်ယူနေမှုအပေါ် အားရကျေနပ်စရာတွေ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ယခုထက်ပိုမို ကြိုးစားသွားရန်လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း အနည်းဆုံး KG+ 9 ပြီးမြောက်စေရန် ရည်မှန်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**“အမ်းမြို့နယ်၌ ဆရာ ဆရာမ ရာနှုန်းပြည့်နီးပါး လုပ်ငန်း တာဝန် ထမ်းဆောင်နေသည်ကို တွေ့ရ၊ ဆရာ ဆရာမ များ၏ ကျောင်းသား ကျောင်းသူများအပေါ် ပညာ သင်ကြားရန် စည်းရုံးနိုင်မှုကြောင့် ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်သင်ယူနေမှုအပေါ် အားရကျေနပ်စရာ တွေ့ရ”**

စက်သုံးဆီ၊ စားသုံးဆီနှင့် ပတ်သက်၍ စက်သုံးဆီဈေးနှုန်းမှာ ဖြစ်ပေါ်နေသော ကမ္ဘာ့အရေးအရာများကြောင့် ဈေးနှုန်းတည်ငြိမ်မှုမရှိသည်ကို ကမ္ဘာနှင့်အဝန်း ခံစားနေရကြောင်း၊ အလားတူ စားသုံးဆီမှာလည်း ဈေးမြင့်တက်မှုဖြစ်ပေါ်နေသဖြင့် မလိုအပ်ဘဲ မကုန်သင့်သည်များကို စိစစ်ချွေတာသုံးစွဲကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စားသုံးဆီဖူလုံရေးအတွက် နိုင်ငံအလယ်ပိုင်းတွင် နေကြာအပါအဝင် ဖြစ်ထွန်းမည့် ဒေသအလိုက် ဆီထွက်သီးနှံများ သီးထပ်အဖြစ် စိုက်ပျိုးရေး၊ တနင်္သာရီ တိုင်းဒေသကြီးတွင် ဆီအုန်းမှတစ်ဆင့် စားအုန်းဆီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်နေကြောင်း၊ ဒေသတစ်ခု၊ မြို့နယ်တစ်ခု စီးပွားရေးကောင်းမွန်ဖွံ့ဖြိုးတိုးတက်ရန် ဦးစီးဦးဆောင်သူများသည် အရေးကြီးကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ဟန်ချက်ညီ ပူးပေါင်းပါဝင် လုပ်ဆောင်နိုင်အောင် စည်းရုံးဆွဲဆောင်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ ဦးစီးဦးဆောင်သူများသည် ဒေသ၏ ယုံကြည်ကိုးစားမှုကို ရရှိလာမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်သူတို့၏ လိုအပ်ချက်အခက်အခဲများကို မှန်ကန်မြန်ဆန်စွာဖြင့် ဝန်ဆောင်မှုပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၅**

၂၀၂၂ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ ငွေးအောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကိုယ်ခံပညာ အားကစားနည်းတစ်ရပ်ဖြစ်သည့် တိုက်ကွမ်ဒို အားကစားနည်းသည် ကိုယ်ခန္ဓာကြံ့ခိုင် ဖွံ့ဖြိုးတိုးတက်စေသည့်အပြင် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှု စသည့်လူ့ကျင့်ဝတ်သိက္ခာများ တိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၏ စည်းရုံးဆောင်ရွက်မှုများကြောင့် နှစ်အနည်းငယ်အတွင်း ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများသာမက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း ထိုးဖောက်အောင်မြင်ခဲ့ပြီး 31st SEA Games ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် သုံးခု ရရှိခဲ့ကြောင်း၊ နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန်အားပေးချီးမြှောက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အနိုင်ရရှိစေရေး အားကစားစိတ်ဓာတ်အပြည့်ဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။








ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒို အသင်းလိုက် (အမျိုးသား/ အမျိုးသမီး) ကကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒို (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း၊ အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသွားမည်ဖြစ်ပြီး တိုက်ကွမ်ဒို အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဇေယျာသီရိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန် ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရောဝတီတိုင်းဒေသကြီး သေနတ်ပစ်အသင်းအား အောင်နိုင်ရေးအလံပေးအပ်

**ပုသိမ် ဇွန် ၁၅**

ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု သေနတ်ပစ်အသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပြည်နယ်နှင့်တိုင်းဒေသကြီး သေနတ်ပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး သေနတ်ပစ်အသင်းအုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သေနတ်ပစ် အားကစားနည်းသည် နိုင်ငံတစ်နိုင်ငံတွင် အားထားရသည့် အားကစားနည်းတစ်ခုဖြစ်ကြောင်း၊ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် လေ့ကျင့်သားပြည့်ဝစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ နည်းပြများအနေဖြင့် မိမိအသင်း၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ကာ ပြိုင်ပွဲတွင် အနိုင်ရရှိရေး စွမ်းဆောင်ရန်လိုကြောင်းနှင့် တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ဖြစ်စေရန် ပြောကြားပြီး တိုင်းဒေသကြီးကိုယ်စားပြု သေနတ်ပစ်အသင်းမှ တာဝန်ရှိသူများထံသို့ အောင်နိုင်ရေးအလံနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ် ပညာရေးမှူးများက ကျောင်းအပ်နှံတက်ရောက်မှုများနှင့် ကျောင်းဖွင့်လှစ်သင်ကြားမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

❖ *ကျော်ဖုံးမှ*

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ခိုင်စိုးမြ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ခိုင်ပေါ်လင်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃) ပါ သဘောတူညီချက်များနှင့်ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန် အချက်များနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကိုလည်းကောင်း ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁)၊ ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ဗလာစာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) မှ ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၁၅

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။



**ကြိုဆို**

အဆိုပါ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည်ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန် ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရစသည့် စာသားပါ ဆိုင်းဘုတ်များနှင့် နိုင်ငံတော်အလံငယ်များကို ကိုင်ဆောင်၍ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ထာဝရအမှား မရှိဘြား ပိုင်းခြားစိတ်က လိမ္မာကြ

❊ လူဆိုတာ သူ့သဘာဝ
စိတ်ထားက မငြိမ်ကုန်၊
ဘေးစကားယုံမိပြား
အမှားမျိုးစုံ၊
ဒုက္ခပေါင်း ရောက်ကြကုန်
ကြုံပေလိမ့် လမ်းမှန်ကင်း၊
ဆင်းရဲခြင်း ထိုဘဝ
ရောက်ရလေခြင်း။

❊ စိတ်ကောင်းထား မြင်မှန်ရ
ပြန်လာကြဖိတ်ခေါ်
အမှားကို မြင်လာကြ
လမ်းစကပေါ်၊
မိသားစု စိတ်ဓာတ်အပေါ်
အခြေခံသော်ငြိမ်းချမ်းရေး၊
စိတ်ထားဖြူ ရင်မှာပိုက်
လိုက်ကြစို့လေး။

❊ ကွဲကွာနေ မိသားစု
ပေါင်းစုလို့ ညီညီညာ၊
လောကမှာအပျော်ဖုံး
ပြုံးမော်ဖို့ပါ၊
အခွင့်အရေး ဆိုသည်မှာ
နောက်တစ်ခါ ခက်သည်ပဲ့၊
အခွင့်သာ အခါပေး
ပြေးယူလိုက်ကြ။

❊ ငွေချိုးဖြူ ကူသံပေး
ပျော်ရေးတဲ့ အဖြာဖြာ၊
ငြိမ်းချမ်းမည် ဒီရွှေလမ်း
လှမ်းလာခဲ့ပါ၊
အတွေးများ မတိမ်စေရာ
နှိုင်းချိန်ကာ ချင့်တွေး၊
ဖန်မီးအိမ် လင်းစဉ်ခိုက်
လိုက်ခဲ့ကြလေး။

ဘိုမျိုး(ရွှေဘို)

## အင်းတော်မြို့ ဖြူစင်မေတ္တာဘိုးဘွားရိပ်သာအတွက် စက်ရေတွင်းနှင့် ရေစင်လှူဒါန်း

အင်းတော် ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ ဖြူစင်မေတ္တာဘိုးဘွားရိပ်သာ အတွက် စက်ရေတွင်းနှင့် ရေစင်ဆောက်လုပ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နေ ဦးကျော်သိန်း(သစ်အုပ်ကြီးငြိမ်း)-ဒေါ်ဖြူ မိသားစုက ငွေကျပ်သိန်း ၁၀၀ ကို ဇွန် ၁၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင် ဦးကျော်သိန်း(သစ်အုပ်ကြီးငြိမ်း) - ဒေါ်ဖြူ မိသားစုတို့သည် ဖြူစင်မေတ္တာဘိုးဘွားရိပ်သာဆောက်လုပ်ရန် မြေကွက်အတွက် ငွေကျပ်သိန်း ၂၆၀ ကိုလည်း လှူဒါန်းထားကြောင်း ဖြူစင်မေတ္တာဘိုးဘွားရိပ်သာဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းက ပြောသည်။

လူအောင်(ကသာ)



# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံ နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး




နေပြည်တော် ဇွန် ၁၅

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီနေးကူးမား ကို နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ လယ်ယာထွက်ကုန် တင်သွင်းတင်ပို့မှုဆိုင်ရာ အရည်အသွေး စံသတ်မှတ်ချက် သဘောတူညီမှု ညှိနှိုင်းဆောင်ရွက်ရေး၊ စိုက်ပျိုး မွေးမြူရေး ထွက်ကုန်များအား တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားနှင့် အဖွဲ့ကို တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ ဗီနေး ကူးမား ဦးဆောင်သောအဖွဲ့ကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အိန္ဒိယနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်သော ယာကြီး - ကလေးဝ လမ်းပိုင်းကို နှစ်လမ်း သွားလမ်း အဆင့်မြှင့်တင်ခြင်း၊ ပလက်ဝ-ဇိုရမ်ပူ လမ်းအဆင့်မြှင့် တင်ခြင်း၊ ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိ တံတား ၆၉ စင်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် အသစ် တည်ဆောက်မည့် လုပ်ငန်းအစီ အစဉ်များ၊ တမူးနယ်စပ်၌ အဆင့်မီဘက်ပေါင်းစုံ စစ်ဆေး ရေးဂိတ် (Integrated Check Post) တည်ဆောက်ရေးကိစ္စရပ် များ၊ အလုပ်အကိုင်အခွင့်အလမ်း များ ရရှိရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ် လက်ရွေးစင်ဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်

တောင်ကြီး ဇွန် ၁၅

**၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်လက်ရွေးစင် ဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံပေးအပ်ခြင်းကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ရှမ်းပြည်နယ် ဘော်လီဘော အားကစားနည်းသည် အစဉ်အလာရှိသည့် အားကစားနည်းဖြစ်ပြီး အမျိုးသား ဘော်လီဘောအသင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကြီးကို အကြိမ်ကြိမ်ရရှိခဲ့သည့် အသင်းဖြစ်သော်လည်း ၂၀၁၉ ခုနှစ် ရှမ်းပြည်နယ်တွင် လက်ခံကျင်းပသော ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး နှစ်သင်းလုံး ဒုတိယအဖြစ်နှင့်သာ နှစ်သိမ့်ခဲ့ရပြီး ယခုနှစ် အိမ်ရှင်အဖြစ် တတိယအကြိမ် ကျင်းပမည့် ပြိုင်ပွဲတွင် အကောင်းဆုံးကြိုးစားကစားကြရင်း ဒိုင်းဆုကြီးရအောင် ကြိုးပမ်းကစားကြမည်ဟု ယုံကြည်ပါကြောင်း၊ ရှမ်းပြည်နယ် ဘော်လီဘောအသင်းအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် အသင်း၏ တာဝန်ရှိ အုပ်ချုပ်သူနည်းပြများနှင့် ကစားသမားများအားလုံးကို မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ငွေများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လက်ရွေးစင် ဘော်လီဘောအသင်းအား ထောက်ပံ့ငွေကျပ် ၁၅၁၁၆၀၀၀ ပေးအပ်ရာ အသင်းနည်းပြ အုပ်ချုပ်သူများက လက်ခံယူပြီး ပြည်နယ် ဘော်လီဘောအသင်းနည်းပြချုပ် ဦးဌေးအောင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အခြေအနေများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် ဘော်လီဘော လက်ရွေးစင်အသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ရာ အသင်း နည်းပြအုပ်ချုပ်သူများက လက်ခံယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြမည့် ရှမ်းပြည်နယ်လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘော အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၃ အာရှဖလား ခြေစစ်ပွဲပြီးဆုံးခဲ့ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရအသင်းများ ထွက်ပေါ်

**ရန်ကုန် ဇွန် ၁၅**

၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရသည့်အသင်းအားလုံး စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။

၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အသင်းစုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် ၁၃ သင်း ထွက်ပေါ်ထားပြီးဖြစ်သောကြောင့် တတိယအဆင့်ခြေစစ်ပွဲတွင် ၁၁ သင်းသာ ထပ်မံထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုခြောက်ခုမှ ပထမနေရာရ ခြောက်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး ငါးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် ဂျပန်၊ ဆီးရီးယား၊ ကာတာ၊ တောင်ကိုရီးယား၊ သြစတြေးလျ၊ အီရန်၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ တရုတ်၊ အီရတ်၊ အိုမန်၊ ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး တတိယအဆင့်ခြေစစ်ပွဲအပြီးတွင် လက်ဘနွန်၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ ပါလက်စတိုင်း၊ ဥဇဘက်ကစ္စတန်၊ ထိုင်း၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဘာရိန်း၊ မလေးရှား၊ တာဂျစ်ကစ္စတန်နှင့် ကာဂျစ္စတန်အသင်းတို့ ထပ်မံယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် အုပ်စုဒုတိယနေရာရခဲ့သော်လည်း အကောင်းဆုံး အုပ်စုဒုတိယနေရာရ ထိပ်ဆုံးငါးသင်း တွက်ချက်ရာတွင် မပါဝင်သဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အရှေ့တောင်အာရှအသင်းများအနက် ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် တတိယအဆင့်ခြေစစ်ပွဲအထိ ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ တတိယအဆင့်ခြေစစ်ပွဲတွင် တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်နှင့် စင်ကာပူတို့ကို အရေးနိမ့်ပြီး အုပ်စုအောက်ဆုံးနေရာတွင်သာ ရပ်တည်ခဲ့သဖြင့် ခြေစစ်ပွဲမအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ၁၉၆၈ ပြိုင်ပွဲ တစ်ကြိမ်သာ ယှဉ်ပြိုင်ဖူးပြီး ယင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့ကာ အရှေ့တောင်အာရှအသင်းများတွင် အမြင့်ဆုံးရပ်တည်မှုလည်းဖြစ်သည်။

ရဲရင့်လွင်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၅**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်းအပြင် နေကြာကို သီးထပ်၊ သီးညှပ်၊ သီးသန့်စိုက်ခင်းများအဖြစ် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရမည်



**ပဲခူး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီးအတွင်း ယခင်ကတစ်နှစ်တစ်သီး စိုက်ပျိုးခဲ့သည့် မြေနေရာများတွင် တစ်နှစ်နှစ်သီး စိုက်ပျိုးနိုင်ရေး၊ ယခင်တစ်နှစ်နှစ်သီး စိုက်ပျိုးခဲ့သည့် မြေနေရာများတွင် တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သော စိုက်ပျိုးရေရရှိရေးကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အထွက်တိုးစပါးမျိုးတူ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက ကွင်းဆင်းအသိပညာပေးခြင်းနှင့် စပါးမျိုးရရှိစေရေး စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရေငန်ဝင်ရောက်သည့် ဒေသများတွင် ရေငန်ဒဏ်ခံစပါး စံပြကွက်များ စိုက်ပျိုးသွားရမည် ဖြစ်ကြောင်း၊ ဆည်ရေသောက် ဧရိယာများ၌ တစ်နှစ်သုံးသီး အပြည့်အဝ စိုက်ပျိုးသွားရမည် ဖြစ်ကြောင်း၊ အောင်မြင် ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်းအပြင် နေကြာကို သီးထပ်၊ သီးညှပ်၊ သီးသန့်စိုက်ခင်းများအဖြစ် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး မွေးမြူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD ၊ MRTV News ၊ MWD၊ MWD Variety ၊ MITV ၊ MOI Website ၊ MOI Youtube ၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM ၊ ပဥ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော မန္တလေးတိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၅**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တပ်ရင်း/တပ်ဖွဲ့များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မြို့နယ် ခုနစ်မြို့နယ်မှ PDF အဖွဲ့ဝင် ၁၅ ဦးကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**ပြည် ဇွန် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ယနေ့နံနက် ၁၀ နာရီက စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂)ဖွင့်ပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အမှတ် (၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (ဝက်ထီးကန်) ကျောင်းအုပ်ကြီး ရဲမှူးကြီး ဆန်းကိုနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန (မူးယစ်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်စွာတို့က သင်တန်းဖွင့်အမှာစကားများပြောကြားပြီး စခန်းတာဝန်ခံ ဦးစဝင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အဆိုပါစခန်းမှ မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသား ၂၀ အား စိတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ပေးပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် (ဆံပင်ညှပ်၊ ဆိုင်ကယ်ပြုပြင်ရေး၊ ဘိလပ်မြေဖြင့်အုတ်ပြုလုပ်နည်း၊ ဆပ်ပြာဆီပြုလုပ်နည်း)အစရှိသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်တန်းကာလ ရက် ၉၀ ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများ အပါအဝင် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းများ ဖွင့်လှစ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားရေး ကွင်းဆင်းဆောင်ရွက်

**ဇီးကုန်း ဇွန် ၁၅**

ဇီးကုန်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က သရက်တပင်ကျေးရွာအုပ်စု ရှားဖြူကုန်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေး ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်/မြောင်း ဦးစီးဌာန၊ ကျန်းမာရေး၊ စားသုံးသူရေးရာတို့မှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုပုံတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် ဒေသခံတောင်သူများက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြပြီး မီးဖိုချောင်သုံးပစ္စည်းများအသုံးပြု၍ သဘာဝပိုးသတ်ဆေး ဖော်စပ်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၁၅

**ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ က ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်ဝင်းက မဟော်ဂနီပင်ကို စိုက်ပျိုးပြီး သက်ဆိုင်ရာ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်ထားသည့် အပင်များကို အတူတကွ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်ပင်စိုက်ပျိုးနေကြသည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ ကျင်းပသော ၂၀၂၂ ခုနှစ် ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပင်၊ မဟော်ဂနီပင်၊ ရတနာတန်းဝင်ကျွန်းရွှေဝါ၊ ယင်းမာပင်၊ ပိတောက်ပင်၊ ငုရွှေဝါ၊ ငုစပ် စသည့် ရတနာတန်းဝင်သစ်ပင်များနှင့် အရိပ်ရသစ်ပင် စုစုပေါင်း ၃၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သင်ကြားသင်ယူမှုများတွင် လုပ်ငန်းခွင်၌ လက်တွေ့အသုံးချနိုင်သော သုတေသနလုပ်ငန်းများနှင့် Project များကို ပိုင်နိုင်စွာလုပ်ကိုင်နိုင်အောင် သင်ကြားပြသပေးရန် လိုအပ်

**နေပြည်တော် ဇွန် ၁၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်၊ ဟသ်ာတနှင့် မအူပင်မြို့တို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး သည် ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ပုသိမ်မြို့ရှိ နည်းပညာတက္ကသိုလ် (ပုသိမ်)၊ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ပုသိမ်) သို့ရောက်ရှိပြီး ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ သင်ကြားသင်ယူမှုများတွင် လုပ်ငန်းခွင်၌ လက်တွေ့အသုံးချနိုင်သော သုတေသနလုပ်ငန်းများနှင့် Project များကို ပိုင်နိုင်စွာ လုပ်ကိုင်နိုင်အောင် သင်ကြားပြသပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများအား အဘက်ဘက်မှ အရည်အသွေးပြည့်ဝစေရန် ပုံမှန်သင်ကြားရေးသာမက အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်တတ်သော အမျိုးသားယဉ်ကျေးမှုကို လေးစားတန်ဖိုးထားသော၊ စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော အခြားသော အခမ်းအနားများလည်း ကျင်းပပေးခြင်းတို့ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (ပုသိမ်)၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ပုသိမ်) တို့ရှိကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားသင်ယူဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဇွန် ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဟသ်ာတမြို့ရှိ နည်းပညာတက္ကသိုလ် (ဟသ်ာတ)၊ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ဟသ်ာတ) သို့ လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် မအူပင်မြို့ရှိ နည်းပညာတက္ကသိုလ် (မအူပင်)၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (မအူပင်) သို့ လည်းကောင်း ရောက်ရှိပြီး သက်ဆိုင်ရာ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် အရည်အချင်း ပြည့်ဝသော ပညာရှင်များဖြစ်လာအောင် မွေးထုတ်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ဆရာဆရာမများသည် မိမိတို့၏ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အသီးသီး၌ မိမိတို့တတ်သိနားလည်ထားသလောက်ဖြင့် ကျေနပ်မနေဘဲ မိမိတို့၏ အရည်အသွေး ပိုမိုမြင့်မားမှုရှိလာစေရန်အတွက် စဉ်ဆက်မပြတ် လေ့လာမှုများ လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများနှင့် ကွန်ပျူတာခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ်ကောင်းစွာ မရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ သက်ဆိုင်ရာစာစစ်ဌာနများတွင် အောင်စာရင်းကြည့်ရှုရန် လာရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိဘပြည်သူများက ပူးပေါင်းဆောင်ရွက် ကူညီပေးကြပါရန် ပန်ကြားအပ်ပါသည်။

၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် ( ၀၁ - ၆၅၃၅၀၉ )နှင့် ( ၀၉ - ၄၃၁၄၀၂၂၆ )တို့ထံသို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် (၁၇-၆-၂၀၂၂) ရက်နေ့ (သောကြာနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

# မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းသည် ငွေကုန်ကြေးကျသက်သာပြီး အချိန်တိုအတွင်း စိုက်ပျိုးနိုင်

ဇေယျာသီရိ ဇွန် ၁၅

ဇေယျာသီရိမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများ ထွန်စက်နောက်တွဲ မျိုးစေ့ချကိရိယာဖြင့် အခြောက်ထယ်ရေးတွင် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် စပါးစိုက်တောင်သူများ အချိန်တိုအတွင်း စိုက်ပျိုးနိုင်ပြီး ငွေကုန်ကြေးကျသက်သာကြောင်း သိရသည်။



နေပြည်တော် တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၀၇ ကွင်းတွင် ထွန်စက်နောက်တွဲ မျိုးစေ့ချကိရိယာဖြင့် အခြောက်ထယ်ရေးတွင် စပါးမျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၁၁ ရက်က ကျင်းပခဲ့ပြီးနောက် တောင်သူများ၏ တောင်းဆိုမှုအရ ဆက်လက် ထွန်ယက် စိုက်ပျိုးလျက်ရှိသည်။

"ကျွန်တော်တို့ ဒီနောက်တွဲချစက်နဲ့ အခြောက်ထယ်ရေးမှာ စပါးမျိုးစေ့ချ စိုက်တာဆိုရင် တောင်သူတွေအတွက် မျိုးစေ့အလေအလွင့်မရှိဘဲ မျိုးစေ့ကုန်ကျမှု သက်သာတယ်။ အချိန်ကုန်သက်သာတယ်၊ ပြီးတော့ လုပ်အားခ လျှော့ချနိုင်တဲ့အတွက် ကျွန်တော်တို့အတွက် ငွေကုန်ကြေးကျ သက်သာတယ်" ဟု ဇေယျာသီရိမြို့နယ် တောင်သူဦးသန်းဦးက ပြောသည်။

အဆိုပါ ထွန်စက်နောက်တွဲ မျိုးစေ့ချကိရိယာဖြင့် စပါး၊ ပဲတီစိမ်း၊ ပြောင်းနှင့် နှမ်း၊ ကြာ စသည့် သီးနှံများကို စိုက်ပျိုးနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချန်းရွာမည်

**နေပြည်တော် ဇွန် ၁၅**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# မကြာမီဖွင့်လှစ်တော့မည့် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ

မြင့်စိုး(နတလ)

### အမည်ပြောင်းလဲခေါ်ဝေါ်

ရှေးယခင်က အချို့သင်တန်းကျောင်းများသည် သမဝါယမ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းအမည်ဖြင့် ရပ်တည်ပေါ်ပေါက်လာခဲ့သည်။ အချို့သင်တန်းကျောင်းများကမူ သမဝါယမသင်တန်းကျောင်းအမည်ဖြင့် ရှိနေခဲ့ပါသည်။ ယခုအခါ သင်တန်းကျောင်း၏ ဖွဲ့စည်းပုံနှင့် သင်ကြားပေးမည့် ဘာသာရပ်များကို ပြင်ဆင်မွမ်းမံ၍ သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းအမည်ဖြင့် မန္တလေး၊ မကွေး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့များတွင် လာမည့် ဇွန်လ ၁၆ ရက်နေ့၌ တစ်ပြိုင်တည်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

### သင်တန်းကျောင်းများ၏ ရာဇဝင်နှင့် တည်နေရာ

မကြာသေးမီက ကျွန်တော်ရေးသားတင်ပြခဲ့ဖူးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်းများကဲ့သို့ပင် သမဝါယမ စာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများ၏ သမိုင်းနောက်ခံလေးများမှာ အောက်ပါအတိုင်း အသီးသီး ရှိနေခဲ့ကြသည် -

(က) **သမဝါယမစာရင်း ရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)**

ပညာရေးဝန်ကြီးဌာန၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်တွင် မန္တလေး ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်းအမည်ဖြင့် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း(မန္တလေး)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ ၈၃ လမ်းနှင့် ၂၅ x ၂၆ လမ်းကြားတွင် တည်ရှိနေပါသည်။

( ခ ) **သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)**

သမဝါယမဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့ ရက်စွဲပါညွှန်ကြားစာဖြင့် သမဝါယမသင်တန်းကျောင်း(မကွေး)ကို စတင်ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အဆိုပါသင်တန်းကျောင်းကို မကွေးမြို့နယ် ဆားတိုင်ကံကျေးရွာတွင် ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၀၁ ခုနှစ် မတ်လ ၁၅ ရက်နေ့၌ လက်ရှိနေရာဖြစ်သော မကွေးမြို့ အောင်မေတ္တာ(ဃ) ရပ်ကွက်၊ မြင်းကင်းကျေးရွာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

( ဂ ) **သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)**

သမဝါယမသင်တန်းကျောင်း(တောင်ကြီး)ကို ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းတပ်တွင်း ပညာပေးသင်တန်းကျောင်း၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ လက်ရှိနေရာ တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။



သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)။

(ဃ) **သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်အရှေ့မြို့နယ် အမှတ် ၅ တိုင်းဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်းတွင် ၁၉၇၀ ပြည့်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့သည်။ ယင်းမှ ၁၉၇၁/ ၇၂ ခုနှစ်တွင် ပုသိမ်အနောက်မြို့နယ် ပါတီယူနစ်ရုံးအားပြုပြင်မွမ်းမံဖွင့်လှစ်ခဲ့သည်။ ၁၉၇၂/၇၃ တွင် အမှတ် ၆ အခြေခံပညာ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ၁၉၇၄/ ၇၅ တွင် လွန်ကန်သို့ ထပ်မံပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ သမဝါယမသင်တန်းကျောင်းအား ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့၌ နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာကောလိပ် GTC လွှဲပြောင်းပေးအပ်ပြီး ပုသိမ်လေယာဉ်ကွင်းရှေ့ရှိ ငြိမ်းချမ်းဝန်ဆောင် သမဝါယမအသင်းလီမိတက်တွင် ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၀၀/၂၀၀၁ ခုနှစ်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သတ်မှတ်ပေးထားသော အမှတ် ၁၃ ရပ်ကွက်၌ သမဝါယမ သင်တန်းကျောင်းကို ဆောက်လုပ်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

( င ) **သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)**

အရှေ့တောင်တိုင်း သမဝါယမသင်တန်းကျောင်းအမည်ဖြင့် ၁၉၇၀ ပြည့်နှစ်တွင် တိုင်းတပ်တွင်း ပညာပေးသင်တန်းကျောင်း၌ စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်ရှိ ပညာရေးဝန်ကြီးဌာနပိုင် ဗညားဒလဆောင်သို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ၁၉၇၈ တွင်မူ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့်သက်ဆိုင်သော ပြည်နယ်/တိုင်း သမဝါယမ သင်တန်းကျောင်းအဖြစ် မော်လမြိုင်မြို့ မောင်ငံရပ် အရာတော်လမ်း၌ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း ဖြစ်လာခဲ့ပါသည်။

### သင်တန်းကျောင်းများ၏ ရည်ရွယ်ချက်

သမဝါယမဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ခဲ့သော သမဝါယမ သင်တန်းကျောင်းများ၊ သမဝါယမ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများသည် စာရင်းကိုင်ပညာ ကျွမ်းကျင်တတ်မြောက်သော လူငယ်များ မွေးထုတ်၍ စီးပွားရေးလုပ်ငန်းအသီးသီးတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန်၊ မိမိတတ်ကျွမ်းထားသော စာရင်းကိုင်ပညာကို အခြေခံ၍ နိုင်ငံတော်အား အထောက်အကူဖြစ်စေမည့် စာရင်းကိုင်ပညာနှင့် ကွန်ပျူတာပညာရပ်များကို လေ့လာသင်ယူခွင့်ရစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အခြေခံပညာကို ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ၊ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ပညာ ဆက်လက်မသင်ကြားနိုင်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ တက္ကသိုလ်ပညာကို ပေါင်းကူးတက်ရောက်ခွင့်ရရှိစေရန်အတွက် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည် -

(က) ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေး စာရင်းကိုင်ပညာဖြင့် သက်မွေးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊

( ခ ) သက်မွေးမှုပညာ သင်ယူတတ်မြောက်ပြီးသူများထဲမှ ထူးချွန်သူများကို သမဝါယမကောလိပ်များနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ ဆက်လက်ပညာ သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန်။

### သင်ကြားပို့ချပေးမည့် ဘာသာရပ်များ

အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများအား လက်ခံ၍ နှစ်နှစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ပထမနှစ်သင်တန်းတွင် စာရင်းရေး စာရင်းကိုင်ဘာသာရပ်၊

❖ **သမဝါယမဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ခဲ့သော သမဝါယမသင်တန်းကျောင်းများ၊ သမဝါယမ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများသည် စာရင်းကိုင်ပညာကျွမ်းကျင်တတ်မြောက်သော လူငယ်များ မွေးထုတ်၍ စီးပွားရေးလုပ်ငန်းအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ မိမိတတ်ကျွမ်းထားသော စာရင်းကိုင်ပညာကိုအခြေခံ၍ နိုင်ငံတော်အား အထောက်အကူဖြစ်စေမည့် စာရင်းကိုင်ပညာနှင့် ကွန်ပျူတာပညာရပ်များကို လေ့လာသင်ယူခွင့်ရစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်**

*စာမျက်နှာ ၁၁ သို့*

# ဆေးတက္ကသိုလ်(တောင်ကြီး)၌ Orientation for Foundation Year (5/2022) သင်တန်းဖွင့်

တောင်ကြီး ဇွန် ၁၅

**Orientation for Foundation Year (5/2022) သင်တန်းဖွင့်ပွဲကို ဇွန် ၁၄ ရက်က တောင်ကြီးမြို့ ဆေးတက္ကသိုလ်(တောင်ကြီး) ချယ်ရီဘက်စုံခန်းမ၌ ကျင်းပသည်။**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ဆေးတက္ကသိုလ်(တောင်ကြီး)အနေဖြင့် လိုအပ်သည်များရှိပါက မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အမှတ်အများဆုံးရရှိသူများကို ဆုချီးမြှင့်ပေးမည် ဖြစ်ကြောင်းနှင့် ဆေးတက္ကသိုလ် (တောင်ကြီး) မှ မွေးထုတ်ပေးလိုက်မည့် ဆရာဝန်အလောင်းအလျာများသည် နိုင်ငံအကျိုးပြု သားကောင်းရတနာဖြစ်အောင် အားလုံးအတူ ပူးပေါင်းပါဝင် ကြိုးစားပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာလှမြင့်ဝင်းက ဆေးတက္ကသိုလ် (တောင်ကြီး)နှင့် ပတ်သက်၍ ရှင်းလင်းပြီး ဓာတုဗေဒဌာနမှ ကထိက/ဌာနမှူး ဒေါက်တာအုန်းကြည်က ဆေးပညာအခြေခံနှစ် (Foundation Year) နှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို မိတ်ဆက်ပေးကာ ခန္ဓာဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်ဇော်လတ်က Integreated Curriculum အကြောင်း၊ ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာအောင်ကျော်သူက Clinical Managment အကြောင်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာသင်ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ ဆေးတက္ကသိုလ် (တောင်ကြီး)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှမြင့်ဝင်းက လက်ခံရယူပြီး ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**



**မောင်မောင်သန်း(တောင်ကြီး)**

*စာမျက်နှာ ၁၀ မှ*

Fundamental ICT ဘာသာရပ်၊ သမဝါယမ ဘာသာရပ်များနှင့်အတူ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။ ဒုတိယနှစ် သင်တန်းများတွင်မူ စာရင်းရေး စာရင်းကိုင်ပညာကို အလေးထား၍ Cost Accounting၊ Financial Accounting၊ Business Accounting၊ Computerized Accounting၊ Business Organization and Management၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များကို သင်ကြားပို့ချပေးမည် ဖြစ်ပါသည်။

**လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး**

၈ တန်းအောင်ဆိုပေမယ့်လို့ ဒီအရွယ်လေးတွေဟာ ပီဘိကလေးငယ် အရွယ်လေးတွေပါပဲ။ မိဘရင်ခွင်ကခွာပြီး ဒီမှာကျောင်းလာတက်တုန်း ငါတို့သေချာစောင့်ရှောက်ပေးရမယ်၊ ကျောင်းရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမယ်၊ ရည်မှန်းချက်အတိုင်း စာရင်းရေး စာရင်းကိုင်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ လူငယ်လူရွယ်တွေ မွေးထုတ်ပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့၊ သမဝါယမကောလိပ်နဲ့ တက္ကသိုလ်တွေမှာ ဆက်လက်သင်ယူခွင့် ရစေဖို့ အလေးထားဆောင်ရွက်ကြရမည်ဟု သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမြဲမှာကြားလေ့ရှိသည်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ သင်တန်းကျောင်းငါးကျောင်းတွင် လက်ခံထားသည့် ကျောင်းသား ကျောင်းသူဦးရေအတိုင်း၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ နေ့စဉ်စားသောက်စရိတ်၊ ဝတ်စုံစရိတ် စသည်တို့အပြင် စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းများနှင့် အားကစားပစ္စည်းများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ရေ၊ မီး၊ မိလ္လာစနစ် ကောင်းမွန်ရေး လိုက်လံစစ်ဆေးကြည့်ရှုကာ လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြသည်။ ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များတွင် 7W မီးချောင်း ၁၈ ချောင်း၊ 6W မီးလုံး နှစ်လုံး တပ်ဆင်အသုံးပြုနိုင်သည့် 190W ဆိုလာပြား နှစ်ချပ်ဖြင့် ဆိုလာ မီးစနစ်တပ်ဆင်ပေးထားပါသည်။ မိန်းကလေးဆောင်များ၏ လုံခြုံရေးနှင့် နေထိုင်မှု စည်းကမ်းကောင်းမွန်ရေးအတွက် ဂရုပြု ဆောင်ရွက်ပေးထားသည်။

သင်တန်းကာလမှာ နှစ်နှစ်ဖြစ်လေရာ လာမည့်နှစ်ဆိုလျှင် ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသား သင်တန်းသူများ စုံစုံညီညီတက်ရောက်ကြတော့မည် ဖြစ်သည်။ နေထိုင် စားသောက်ရေးစရိတ်၊ စာသင်ဆောင်၊ အိပ်ဆောင်များလိုအပ်ချက်၊ သင်ကြားရေးဆရာ ဆရာမများ လိုအပ်ချက်၊ ရေ၊ မီး၊ မိလ္လာလိုအပ်ချက်များမှအစ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရမည် ဖြစ်သည်။

**ပုံရိပ်ကောင်းဖို့ ပြောင်းကြစို့**

ကျွန်တော်တို့ငယ်စဉ်ကတည်းက နားရည်ဝခဲ့သော စကားတစ်ခွန်းမှာ သားဝ၊ မယားဝ သမဝါယမဟု ပြောဆိုနေကြခြင်းပင် ဖြစ်သည်။ အမှန်ကမူ လမ်းစဉ်ပါတီခေတ်ကတည်းက စတင်ခဲ့သော သမဝါယမစနစ်ကြီးက မကောင်း၍မဟုတ်၊ ချမှတ်ထားသောမူဝါဒများ အလွန်ကောင်းပါသည်။ အဆိုပါ မူဝါဒနှင့် လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ရာတွင် အားနည်းချက်များ ရှိခဲ့သည်။ သို့ရာတွင် မည်သည့်နေရာ၊ မည်သည့်ဌာနတွင် တာဝန်ယူရသည် ဖြစ်စေ ဆိုးမွေ၊ ကောင်းမွေအားလုံးကို ခံယူကြရသည်ဖြစ်လေရာ အားနည်းချက်များကို သုံးသပ်ပြင်ဆင်၍ မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကောင်းများ ရရှိစေဖို့ ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ ယွန်း ကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ယခုဖွင့်လှစ်မည့် သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ၊ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများအားလုံး၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ ဦးစီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ကြရမည် ဖြစ်သည်။ ထိုနည်းတူစွာ သမဝါယမအသင်း(ဗဟို)မှသည် ပြည်နယ်/ တိုင်းဒေသကြီးအသီးသီးရှိ အသင်းစုချုပ်များ၊ အသင်းစုများ၊ အသင်းအဖွဲ့များအနေဖြင့်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ဦးထိပ်ထားကာ မိမိတို့ စွမ်းအားရှိသလောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဆိုပါလျှင် ကျွန်တော်တို့ဌာနအတွက်၊ ခေတ်အဆက်ဆက် မျှော်မှန်းခဲ့သော သမဝါယမစနစ်အတွက် ပုံရိပ်ကောင်းတစ်ခု ရရှိမည်မှာ မလွဲပါပေ။ ။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၂၇၁၀ |
| 95 Ron | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၃၉၀ | ၂၃၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၅ | ၂၇၆၅ |
| HSD (500 ppm) | ၂၆၃၀ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၆၇၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၅ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၀ | ၂၆၈၀ | ၂၇၁၅ | ၂၇၁၅ | ၂၇၁၅ | ၂၉၃၅ | ၂၉၀၀ |
| HSD (50 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၅ | ၂၆၇၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၇၀၀ | ၂၇၁၀ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၆၅ | ၂၉၃၀ |
| HSD (10 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၅ | ၂၆၇၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၇၀၀ | ၂၇၁၀ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၆၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၄ | ၂၂၂၀ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၅၁၅ | ၂၅၉၅ |
| HSD (50 ppm) | ၂၅၄၃ | ၂၆၂၃ |
| HSD (10 ppm) | ၂၅၄၃ | ၂၆၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၁၅ ရက်က တိုင်းစစ်ဌာနချုပ်တပ်နယ်အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်က ဒိုင်းဆုရရှိသည့် မြောင်းမြတပ်နယ် အမျိုးသား ဘော်လီဘော အသင်းနှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်း အမျိုးသမီး ဘော်လီဘောအသင်းတို့အား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

## ပန်းတောင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်



ပန်းတောင်း ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံး၏ စီမံမှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲကို ဇွန် ၁၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ညီက အမှာစကားပြောကြားပြီး ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ သင်ကြားပေးမည်ဖြစ်သည်။ ပန်းတောင်းမြို့နယ်သည်ရောဝတီမြစ်ကမ်းဘေးမြို့နယ်ဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ် နှစ်စဉ် ကြုံတွေ့နေရသဖြင့် နောက်ထပ် သင်တန်းများကို စဉ်ဆက်မပြတ် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

# ဆော်ဒီအာရေဗျနှင့် အစ္စရေးနိုင်ငံတို့သို့ လာမည့်လတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သွားရောက်မည်

ဝါရှင်တန် ဇွန် ၁၅

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့်လတွင် ဆော်ဒီအာရေဗျနှင့် အစ္စရေးနိုင်ငံတို့သို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

အဆိုပါခရီးစဉ်အား ဇူလိုင် ၁၃ ရက်မှ ၁၆ ရက်အထိ သွားရန်စီစဉ်ထားကြောင်း အိမ်ဖြူတော်က ဇွန် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် သမ္မတဘိုင်ဒင်သည် အနောက်ကမ်းဒေသရှိ ပါလက်စတိုင်းပိုင်နက် နယ်မြေသို့လည်း သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆော်ဒီအာရေဗျခရီးစဉ်တွင် အမေရိကန်သမ္မတဘိုင်ဒင်သည် ကမ္ဘာ့ရေနံစိမ်းဈေး မြင့်တက်လာမှုကို ဖြေလျှော့နိုင်ရန်အလို့ငှာ ရေနံစိမ်းတိုးပြီး ထုတ်လုပ်ရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံအား တိုက်တွန်းသွားဖွယ်ရှိကြောင်း သိရသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာ့ရေနံစိမ်း အများဆုံးထုတ်လုပ်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်သည်။

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်သည် ၂၀၁၈ ခုနှစ်က တူရကီနိုင်ငံတွင် ဆော်ဒီဂျာနယ်လစ်တစ်ဦးကို သတ်ရန်အစီအစဉ်တစ်ခုအား အတည်ပြုခဲ့ကြောင်း ဘိုင်ဒင်အစိုးရက ပြီးခဲ့သည့်နှစ်တွင် အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး အေးစက်လာကြောင်း သိရသည်။ သို့သော်လည်း သမ္မတဘိုင်ဒင်သည် ဆော်ဒီအာရေဗျခရီးစဉ်တွင် အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ယခုနှစ် ပထမငါးလအတွင်း မွန်ဂိုလီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွား ဧည့်သည် ၄၂၀၆၀ လာရောက်လည်ပတ်

**အူလန်ဘာတာ ဇွန် ၁၅**

မွန်ဂိုလီးယားနိုင်ငံသည် ယခုနှစ် ပထမငါးလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် စုစုပေါင်း ၄၂၀၆၀ လာရောက်လည်ပတ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က အလားတူ ကာလကထက် ၃၉၁ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဇွန် ၁၅ ရက်က ပြောသည်။

ထိုကဲ့သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လျင်မြန်စွာတိုးလာခြင်းသည် မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ၎င်း၏ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ပေးခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်။

ဇန်နဝါရီနှင့် ဖေဖော်ဝါရီလကြားတွင် မွန်ဂိုလီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားဧည့်သည်များတွင် ရုရှားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အများဆုံးဖြစ်သည်။ လက်ရှိတွင် မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးသည် ပို့ကုန်ဦးတည်သော သတ္တုတူးဖော်ရေးကဏ္ဍတွင် အများဆုံးမှီခိုနေရကြောင်း၊ သို့သော်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသောကြောင့် နိုင်ငံ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် တစ်သန်းခန့် လာရောက်လည်ပတ်ရန်နှင့် နိုင်ငံခြားခရီးသွားများထံမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ ထို့အပြင် မွန်ဂိုလီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် ခရီးသွားကဏ္ဍကို မြှင့်တင်ရန်အတွက် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကို မွန်ဂိုလီးယားခရီးသွားနှစ်အဖြစ် သတ်မှတ်ထားသည်။

ခရီးသွားကဏ္ဍမြှင့်တင်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၄ ခုနှစ်ကုန်အထိ တောင်ကိုရီးယားခရီးသွားများကို မွန်ဂိုလီးယားနိုင်ငံသို့ ရက် ၉၀ ဗီဇာကင်းလွတ်ခွင့်ဖြင့် လာရောက်လည်ပတ်နိုင်ကြောင်း မွန်ဂိုလီးယားအစိုးရက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## စပိန်နိုင်ငံ၌ နှစ် ၂၀ အတွင်း အဆိုးရွားဆုံးအပူလှိုင်းနှင့် ကြုံတွေ့

**မက်ဒရစ် ဇွန် ၁၅**

စပိန်နိုင်ငံသည် လတ်တလောတွင် ဇွန်လလယ်၏ အဆိုးရွားဆုံး အပူလှိုင်းနှင့် ကြုံတွေ့နေရကြောင်းနှင့် ယင်းမှာ နှစ် ၂၀ အတွင်း အဆိုးရွားဆုံး အပူလှိုင်းဖြစ်ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ထို့အပြင် စပိန်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ၁၇ ခုအနက် နှစ်ခုသည် အလွန်မြင့်မားသော အပူချိန်နှင့်ကြုံတွေ့ရနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

အန်ဒါလူရှားနှင့် အိတ်ထရီမာဒူရာဒေသ ကဲ့သို့သော စပိန်နိုင်ငံတောင်ပိုင်း ဒေသအချို့တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် ကျော်လွန်မှုနှင့် ကြုံတွေ့နေရပြီး ကော်ဒိုဘာမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် ဘာဒါဂျို့ဇ်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ရှိကြောင်း၊ မြို့တော်မက်ဒရစ်တွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်ကြောင်း သိရသည်။

ယခုနှစ်တွင် ထိုကဲ့သို့ ပြင်းထန်သော အပူလှိုင်းနှင့် ကြုံတွေ့ရခြင်းမှာ ပုံမှန်အခြေအနေ မဟုတ်ကြောင်း၊ လွန်ခဲ့သည့် နှစ် ၂၀ အတွင်း ဇွန်လလယ်၌ အပူချိန်အမြင့်မားဆုံးနှင့် ကြုံတွေ့နေရကြောင်း စပိန်မိုးလေဝသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရူဘင်ဒဲလ်ကမ်ပိုက ပြောသည်။ စပိန်နိုင်ငံဒေသအချို့သည် ရာစုနှစ်အစပိုင်းကတည်းက အပူချိန်အမြင့်မားဆုံးနှင့် ကြုံတွေ့ခဲ့ရသည်။ စပိန်နိုင်ငံဒေသအချို့၌ ရာစုနှစ်မှစကာ အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းတင်ခဲ့ပြီး အခြောက်သွေ့ဆုံး ဆောင်းရာသီများထဲမှ တစ်ခုဖြစ်သောကြောင့် ရေလှောင်ကန်များ၏ ရေမျက်နှာပြင်အမှတ်သည် စိုးရိမ်ဖွယ်ရာ ကျဆင်းလာခဲ့သည်။

ဇွန် ၁၄ ရက်က embalses.net တွင် ဖော်ပြထားသော အချက်အလက်များအရ စပိန်နိုင်ငံ၏ ရေလှောင်ကန်များ၌ လက်ရှိတွင် ရေသိုလှောင်နိုင်မှုမှာ ပျမ်းမျှ ၄၈ ဒသမ ၁၇ ရာခိုင်နှုန်းသာရှိပြီး ၂၀၂၁ ခုနှစ်က အလားတူကာလကထက် ၁၀ ရာခိုင်နှုန်း ကျဆင်းလာကြောင်းနှင့် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ပျမ်းမျှ ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## ပလတ်စတစ်အမှိုက်မှ ဇီဝလောင်စာထုတ်လုပ်ရန် ကူဝိတ် ကြိုးစားနေ

**ကူဝိတ်စီးတီး ဇွန် ၁၅**

ကူဝိတ်နိုင်ငံသည် ပလတ်စတစ်အမှိုက်မှ ဇီဝလောင်စာထုတ်လုပ်မည့် စီမံချက်တစ်ခု လုပ်ဆောင်သွားရန် ကြိုးစားနေကြောင်း သိပ္ပံတိုးတက်ရေးကူဝိတ်ဖောင်ဒေးရှင်း (အေအက်ဖ်အေအက်စ်) က ဇွန် ၁၄ ရက်တွင် ပြောသည်။

ဇီဝလောင်စာထုတ်လုပ်မှုစီမံချက် စတင်ရန်အတွက် အေအက်ဖ်အေအက်စ်သည် သိပ္ပံဆိုင်ရာသုတေသန ကူဝိတ်အဖွဲ့အစည်း (အေအိုင်အက်စ်အာရ်)၊ Q8 သုတေသနနှင့် နည်းပညာဗဟိုတို့ သုံးဦးသုံးဖလှယ်သဘောတူညီမှုစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း အေအက်ဖ်အေအက်စ်၏ မဟာဗျူဟာအစီအစဉ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ခါ၀လာအယ်လ်ရှေဂျီက ပြောသည်။

အဆိုပါ စီမံချက်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မြှင့်တင်ရေးနယ်ပယ်တွင် ကူဝိတ်နိုင်ငံ၏ အရေးပါဆုံး အမျိုးသားစီမံချက်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ထို့အပြင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲရာတွင် နည်းပညာဆိုင်ရာဖြေရှင်းချက်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲဇီဝလောင်စာထုတ်လုပ်မှုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း အယ်လ်ရှေဂျီက ပြောသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တစ်ခုဖြစ်သော ၂၀၃၅ ကူဝိတ်မျှော်မှန်းချက်နှင့်အညီ စီမံချက်ပထမအဆင့်သည် အစိုင်အခဲပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများမှ လောင်စာထုတ်လုပ်မှုကို လေ့လာရန်ရည်ရွယ်ကြောင်း စီမံချက်ညွှန်ကြားရေးမှူးဖြစ်သူ ဆူလ်တန်အယ်ဆာလမ်းက ပြောသည်။

**ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်ဟောင်း ဦးလှုစိုး၊ စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးနှင့် တိုင်းအတွင်းရေးမှူး ဦးစိုးစိုးဇော် တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် ဇွန် ၁၅

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှုစိုးနှင့် စီးပွားရေးရာ ဝန်ကြီးဟောင်း ဦးအောင်သန်းဦး တို့၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း စစ်ဆေးခဲ့သည်။**

စစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှုစိုးနှင့် စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရမြေများစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအဆုံးအဖြတ်ဖြင့် ၂၀၂၀ ခုနှစ် ဇွန် ၂၂ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အတွင်း မြေကွက်များ ရောင်းချပေးခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ မြို့နယ်များအလိုက် ကာလတန်ဖိုး သတ်မှတ်ချက်အောက်သို့ လျှော့ချခွင့်ပြုပေးခဲ့သဖြင့် ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒလမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်များရှိ မြေကွက် ကိုးကွက် မြေဧရိယာ ၂၆၂ ဧကခန့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် သန်းပေါင်း ၃၈,၀၀၀ ကျော် ဆုံးရှုံးခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ခြင်းဖြစ်ကြောင်း၊ အတွင်းရေးမှူး ဦးစိုးစိုးဇော် သည် အစိုးရမြေများ စီမံခန့်ခွဲရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး မြေလျှောက်ထားခြင်း၊ မြေကွက်ဈေးနှုန်း သတ်မှတ်ဆောင်ရွက်ခြင်းများတွင် ရောင်းချမြေတန်ဖိုးများမှာ ကာလတန်ဖိုးအောက် များစွာလျှော့နည်းနေသည်ကို တင်ပြမှုမရှိခဲ့ခြင်းနှင့် ဝယ်ယူခွင့်ရရှိသူအချို့နှင့် တိုက်ရိုက်ဆက်သွယ်၍ မြေနေရာချထားပေးနိုင်ရန် တင်ပြဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးစေခဲ့ရာတွင် ပါဝင်အားပေးကူညီခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှုစိုးသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က အစိုးရမြေများ နေရာချထားပေးသည့်ကိစ္စများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးဟောင်း ဦးအောင်သန်းဦး ထံမှ ငွေကျပ်သိန်း ၂၅၀၀ ကို ငါးကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်တစ်ဦးမှ မြေကွက် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ ပေးအပ်ခဲ့သည့် ငွေကျပ်သိန်း ၅၀၀၀ ကို ၎င်း၏ နေအိမ်၌ ခြောက်ကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က တိုင်းဒေသကြီးအစိုးရ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေရိုင်း လုပ်ကိုင်ခွင့်ရရှိသူ ၈ ဦး၊ အစိုးရပိုင် မြေများဝယ်ယူခွင့် ရရှိသူ ၃ ဦး၊ အခြားနည်း အသုံးပြုခွင့်ရရှိသူတစ်ဦးတို့ထံမှ လူမှုပတ်ဝန်းကျင်အကျိုးပြုလုပ်ငန်းစဉ် (Cooperate Social Responsibility – CSR) အတွက် စုစုပေါင်း ငွေကျပ်သိန်း ၉၅၀၀ ကျော် အား ကောက်ခံရယူခဲ့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်တွင် အခြားစာရင်းရှင် ဖွင့်လှစ်ဆောင်ရွက်ရမည်ဖြစ်သော်လည်း အဆိုပါငွေများကို မြန်မာ့ရှေ့ဆောင်ဘဏ်(MAB) တွင် ၎င်းအမည်ဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်းနှစ်ခုသို့ ထည့်သွင်းခဲ့ခြင်း၊ ချက်လက်မှတ်များကို သိမ်းဆည်းထားခြင်းတို့သည် အစိုးရအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်ခြင်းပြုရာတွင် တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေးနစ်နာ ဆုံးရှုံးစေခဲ့ခြင်း ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်သည် ၂၀၂၀ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ မြေဧရိယာ ၃၂ ဧကကျော်အား အငြိမ်းစားပုဂ္ဂိုလ်တစ်ဦး၏အမည်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မြေကွက်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြေကွက်ချထားပေးနိုင်ရေး တင်ပြဆောင်ရွက်ပေးခြင်း၊ မြေတန်ဖိုးနှင့် CSR ပေးသွင်းငွေများ လျှော့နည်းပေးသွင်းစေရေးတို့အတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး မြေကွက်ဂရန်ရရှိပါက မြေကွက်ရောင်းချရရှိမည့် အကျိုးအမြတ်ငွေအပေါ်မှ ၂၀ ရာခိုင်နှုန်း ပေးအပ်ရန် ညှိနှိုင်းသဘောတူညီခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို ရယူရန်အားထုတ်ခြင်းဖြစ်ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှုစိုးနှင့် စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးတို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရလည်းကောင်း၊ တိုင်းအတွင်းရေးမှူး ဦးစိုးစိုးဇော် အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃နှင့် ပုဒ်မ ၅၆ အရလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် ဇွန် ၁၄ ရက်၌ ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်ပြီး တရားစွဲဆိုအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၅

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ စိုးမိုးထွန်းသည် ၎င်းအသုံးပြုသည့် “Soe Moe Htun” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာရပ်ကွက်နေ ယုယုဝင်းနှင့် အောင်မြေသာစံမြို့နယ် ပုလင်းဝန်းရပ်နေ ဝင်းမာ(ခ)မမေသည် ၎င်းတို့အသုံးပြုသည့် “Yu Yu Win” Facebook အကောင့်နှင့် “Win Mar” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

မြောက်ဥက္ကလာပမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် လှိုင်လင်မြို့နယ် တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုခမ္မာလမ်းမကြီးတွင် Honda Fit အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်အတူ မောင်ရွှေမြင့်၊ ကျော်ကိုကိုဝင်း(ခ)အရှည်ကြီးနှင့် မလှလှနွယ်တို့ သုံးဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၇) ရပ်ကွက် ပင်လုံလမ်းမပေါ်၌ ကျော်သောင်း(ခ)စည်သူ ကို TOYOTA WISH အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀,၀၀၀ ကို လည်းကောင်း။

အလားတူ ဇွန် ၁၃ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဝမ်တုံကျေးရွာရှိ အိုက်ထွန်း(ခ)အိုက်ခမ်း၏ဂိုဒေါင်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ ဂိုဒေါင်စောင့် အိုက်ကျိုင်း(ခ) ကျိုင်းဟွန်၊ အိုက်ကျိုင်း(ခ)အိုက်ထွင်း၊ စိုင်းနုတ်(ခ)စိုင်းဗစ်နှင့် အိုက်အွန်တို့ လေးဦးကို တွေ့ရှိရပြီး ဂိုဒေါင်အတွင်းရှိ MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ် နောက်ခန်းအတွင်းမှ ကတ်တမင်း ကီလို ၃၀ နှင့် ဂိုဒေါင်အတွင်းမှ ပွိုင့်-၂၂ ပြောင်းရှည်သေနတ် တစ်လက် (မှန်ပြောင်းတပ်လျက်)၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ခုနစ်တောင့်နှင့် ဆိုင်ကယ် လေးစီးတို့ကို လည်းကောင်း။

ထို့အတူ ဇွန် ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် စိုင်းရွှေအောင်(ခ)စိုင်းစိန်ပန်း မောင်းနှင်ပြီး အိုက်ထွန်း လိုက်ပါလာသည့် PAJERO အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀,၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ဇွန် ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၇ ရာခိုင်နှုန်းရှိ

(၁၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၉၆,၃၃၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၆၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄-၆-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၄,၃၄၅,၀၇၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ် ထိုးနှံပြီးစီးသူ (၇,၀၂၂,၀၆၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၇,၃၂၃,၀၀၇) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၂,၃၂၅,၂၃၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၄-၆-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၆၃,၉၉၃,၃၀၈) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၁၅) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၅၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၂၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၈၃) ခု | (၂)ဦး |
| **စုစုပေါင်း** | **(၅,၈၂၃) ခု** | **(၄)ဦး** |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၄-၆-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၇,၀၂၂,၀၆၃) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၇,၃၂၃,၀၀၇) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၂,၃၂၅,၂၃၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၄,၃၄၅,၀၇၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၆၃,၉၉၃,၃၀၈) ကြိမ် |

- **ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။**
- **နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။**
- **ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၁၃၂၉ ဦး၊ ရခိုင်ပြည်နယ် **(အပေါ်ယာပုံ)** နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံ



ပြည်သူ ၁၄၂၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၂၈၅၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၆၈၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၉၇၄၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၈၉၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားပြည်သူများအား ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်ရေးနှင့် ဘဝတက်လမ်းနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ အဆင့်ဆင့်တိုးတက်ရရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် ဝင်ရောက်တာဝန် ထမ်းဆောင်ကြပါ

## ကျန်းမာရေးဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာခေါ်ယူလျက်ရှိခြင်းနှင့်ပတ်သက်၍ သိကောင်းစရာ အမေး/အဖြေများ

*ထက်လျှံ*

ကျန်းမာရေးဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာခေါ်ယူလျက်ရှိခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -

**မေး -** ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကနေပြီး ဆရာဝန်များကို ခေါ်ယူလျက်ရှိကြောင်း သိရပါတယ်။ ဒါကြောင့် အလုပ်ဝင်ရောက်လိုတဲ့ ဆရာဝန်များအနေနဲ့ ဘယ်လိုလျှောက်ထားရမယ်ဆိုတာကို သိပါရစေ။

**ဖြေ -** ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကုသရေးဦးစီးဌာနကနေ ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန် (သစ်လွင်) ၉၈၆ နေရာနဲ့ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)ရ ဆရာဝန်(သွားနှင့်ခံတွင်း) ၈၂ နေရာ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနကနေ ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန် (သရုပ်ပြ) ၁၀၇ နေရာ၊ တိုင်းရင်းဆေးပညာတက္ကသိုလ်ကနေ ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန် (သရုပ်ပြ) ၁၃ နေရာဖြစ်ပြီး ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန် ၁၁၀၆ ဦးနဲ့ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့(B.D.S)ရ ဆရာဝန် (သွားနှင့်ခံတွင်း) ၈၂ ဦး၊ စုစုပေါင်း ဆရာဝန် ၁၁၈၈ ဦးကို ကျန်းမာရေးဝန်ကြီးဌာနမှာ နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် ခန့်ထားပေးနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၂ ခုနှစ် မေလ ၂၁ ရက်နေ့မှာ လျှောက်လွှာစတင်ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

ဒီလိုခေါ်ယူရာမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ထံ Online စနစ်ဖြင့် လျှောက်ထားနိုင်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြုကာ ၂၀၂၂ ခုနှစ် ဇွန်လ ၂၂ ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်လျှောက်ထားနိုင်ပါတယ်။

**မေး -** ဆရာဝန်တွေအနေနဲ့ အလုပ်ဝင်ရောက်ဖို့လျှောက်ထားရာမှာ အခြားလိုအပ်ချက်တွေကို သိပါရစေခင်ဗျာ။

**ဖြေ -** ကျန်းမာရေးဝန်ကြီးဌာနမှာ အလုပ်ဝင်ရောက်ဖို့ လျှောက်ထားသူများအနေနဲ့ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၂၁-၆-၂၀၂၂) ရက်နေ့မှာ အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရပါမယ်။ ဆရာဝန် (သစ်လွင်)/ ဆရာဝန်(သရုပ်ပြ)နှင့် လက်ထောက်ဆရာဝန်ရာထူးများအတွက် ဆေးပညာဘွဲ့ (M.B.B.S)၊ ဆရာဝန်(သွားနှင့်ခံတွင်း) ရာထူးအတွက် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S) နဲ့ မြန်မာနိုင်ငံဆေးကောင်စီက အသိအမှတ်ပြုခြင်းခံရတဲ့ သက်တမ်းကုန်ဆုံးခြင်းမရှိသေးသော အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ/သခ) ကိုင်ဆောင်ထားသူ သို့မဟုတ် အလုပ်သင်ဆရာဝန် ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူ ဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနဲ့အတူ ပူးတွဲပေးပို့ရပါမယ်။

**မေး -** နိုင်ငံ့ဝန်ထမ်းဆရာဝန်အဖြစ် အလုပ်ဝင်ရောက်ထမ်းဆောင်ခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို သိရှိပါရစေ။

**ဖြေ -** နိုင်ငံ့ဝန်ထမ်းဆရာဝန်အဖြစ် အလုပ်တာဝန် ဝင်ရောက်ထမ်းဆောင်ခြင်းဖြင့် အများပြည်သူအတွက် အကျိုးရှိစေခြင်း (ပရဟိတ)နဲ့ မိမိရဲ့ပညာရပ်ဆိုင်ရာ တိုးတက်မှုအခွင့်အလမ်းများ ရရှိစေခြင်း (အတ္တဟိတ) စတဲ့ အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်တဲ့အပြင် ဆရာဝန်အဓိဋ္ဌာန်ပြု ကတိသစ္စာအရ လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ကျန်းမာရေးကို မိမိ၏ အရေးကဲ့သို့ ယူဆပြီး မိမိတို့တတ်မြောက်ထားတဲ့ ဆေးပညာနဲ့ လူနာတွေရဲ့ ခံစားနေရတဲ့ ရောဂါဝေဒနာတွေကို ပျောက်ကင်းသက်သာသည်အထိ ကုသပေးနိုင်တဲ့အတွက် ထားရှိတဲ့ ကတိသစ္စာနဲ့အညီ ကောင်းကျိုး မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြမှာလည်းဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝင်ရောက်လာမယ့် ဆရာဝန်များ သက်သာချောင်ချိရေး၊ ပြည်တွင်း/ပြည်ပ ဘွဲ့လွန်ပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ရေး၊ ဘဝတက်လမ်း အဆင်ပြေချောမွေ့စေရေးအတွက် အစီအမံများစွာကို ကြိုတင်စီစဉ်ထားပါတယ်။ ပထမဦးစွာ သစ်လွင်နိုင်ငံ့ဝန်ထမ်းဆရာဝန်တွေအနေနဲ့ သတ်မှတ်ဆေးရုံကြီးတွေမှာ လက်တွေ့လေ့ကျင့်သင်ကြားရင်း စတင်တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီး သူတို့ကို တာဝန်ချထားတဲ့အခါမှာ ၎င်းတို့ ဆန္ဒပြုရာဒေသ သို့မဟုတ် အနီးစပ်ဆုံးနေရာ/ဒေသရှိ ဆေးရုံတွေမှာ နေရာချထားပေးမှာဖြစ်ပါတယ်။ သတ်မှတ်ကာလ ပြည့်မြောက်တဲ့အခါမှသာ အခြားလုပ်ငန်းလိုအပ်ချက်ရှိတဲ့ ဆေးရုံများကို တာဝန်ထမ်းဆောင်ဖို့ စေလွှတ်မှာဖြစ်ပါတယ်။ ဒီလိုတာဝန်ထမ်းဆောင်ချိန်မှာလည်း ဝန်ထမ်းသက်သာချောင်ချိရေးအတွက် နိုင်ငံတော်ကပေးအပ်တဲ့ လစာအပြင် ညဂျူတီနဲ့ စားစရိတ်အတွက် သတ်မှတ်ခွင့်ပြုချီးမြှင့်ငွေများနဲ့ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ပြည်တွင်းမှာ ဆေးပညာဘွဲ့လွန်ပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ရေးအတွက် လုပ်သက်ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်တဲ့ ဘွဲ့လွန်ဆေးပညာမဟာသိပ္ပံသင်တန်း ၁၁ မျိုးဖြစ်တဲ့ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုပညာ၊ အဏုမြူရောင်ခြည်ဆေးပညာနဲ့ မေ့ဆေးပညာတို့ကို ဝါသနာပါပြီး လေ့လာလိုက်စားသူတွေအတွက် စောစီးစွာ ဘွဲ့လွန်ဖြေကြားနိုင်တဲ့ အခွင့်အလမ်းတွေ ရရှိကြမှာဖြစ်ပါတယ်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေနဲ့ ၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းအမျိုး ၁၄၀ အထိရှိတာကို သိရှိရပြီး ဒီပလိုမာသင်တန်း ၁၆ မျိုး၊ ဆေးပညာမဟာသိပ္ပံသင်တန်း ၃၃ မျိုး၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်း ၃ မျိုး၊ ဆေးဝါးမဟာသိပ္ပံသင်တန်း ၄ မျိုး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာ သိပ္ပံသင်တန်း ၁၀ မျိုး၊ သူနာပြုမဟာသိပ္ပံသင်တန်း ၉ မျိုး၊ ကျန်းမာရေးမဟာသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) ၁ မျိုး၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၄၁ မျိုး၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း ၇ မျိုး၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၈ မျိုး၊ ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်း ၄ မျိုး၊ သူနာပြုပါရဂူဘွဲ့သင်တန်း ၁ မျိုး၊ ဆေးဘက်ဆိုင်ရာ နည်းပညာပါရဂူဘွဲ့သင်တန်း ၃ မျိုးတို့ ပါရှိတာဖြစ်လို့ ဆေးပညာမဟာသိပ္ပံဘွဲ့တွေကနေ ပါရဂူဘွဲ့တွေရရှိသည်အထိ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆက်လက်ပြီး အဆင့်ဆင့်တက်ရောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ပဆေးပညာဆိုင်ရာ ဘွဲ့လွန်သင်တန်းများဖြစ်တဲ့ မဟာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်မယ့်သူများနှင့် ကာလတို၊ ကာလရှည် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအမျိုးမျိုးကို တက်ရောက်လိုသူများကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စေလွှတ်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် MRCP ကဲ့သို့ Membership Status စာမေးပွဲများ ဝင်ရောက်ဖြေဆိုခွင့်ပြုခြင်းနဲ့ Membership ရယူနိုင်ရန် နိုင်ငံခြားသို့ စေလွှတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးလျက်ရှိရာမှာ ပြည်တွင်း/ပြည်ပကနေ ဘွဲ့လွန်ရရှိပြီးသူများကို သက်ဆိုင်ရာ ဘွဲ့ဒီဂရီအလိုက် ပညာရှင်ချီးမြှင့်ငွေတွေကို ပေးအပ်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံခြားသို့ အစည်းအဝေးများ တက်ရောက်နိုင်ရန် စေလွှတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှာ ဆရာဝန် (သရုပ်ပြ)အဖြစ် တာဝန်ထမ်းဆောင်မယ့် (သစ်လွင်)ဆရာဝန်တွေအနေနဲ့ ဆေးတက္ကသိုလ်များတည်ရှိရာ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီးစတဲ့ မြို့ကြီးတွေကို ဦးစားပေးပြီး တာဝန်ချထားပေးမှာဖြစ်လို့ အဲဒီနေရာတွေကို ဦးစားပေးပြီး လျှောက်ထားနိုင်ကြပါတယ်။

ဒါ့အပြင် မိမိတို့ တာဝန်ကျရာဒေသအသီးသီးမှာ နိုင်ငံ့တာဝန်တွေ ထမ်းဆောင်ပြီးတဲ့ ကိုယ်ပိုင်အချိန်တွေမှာ ကိုယ်ပိုင်ဆေးခန်း သို့မဟုတ် ပုဂ္ဂလိကဆေးရုံ/ဆေးခန်းတွေမှာထိုင်ပြီး လူနာတွေကို ကုသစောင့်ရှောက်မှုတွေ ပေးနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် ဆရာဝန်တွေအနေနဲ့ ဆေးတက္ကသိုလ်တွေရဲ့ အမှတ်တံဆိပ်မှာပါရှိပြီး လိုက်နာကျင့်ကြံရမယ့် ဆရာဝန်ကျင့်ဝတ်ဖြစ်တဲ့ "ဥပဋ္ဌာန် အနုကမ္ပာ ဒယာ"ဆရာဝန်တစ်ဦးဖြစ်သော ကျွန်ုပ်သည် ဝေဒနာရှင်လူနာအား ဥပဋ္ဌာန် - စိတ်ရော ကိုယ်ပါ ယုယုယယ ပြုစုကုသပါမည်၊ အနုကမ္ပာ - ကိုယ်ချင်းစာတရားလက်ကိုင်ထားလျက် ပြုစုကုသပါမည်၊ ဒယာ-လူလူချင်းညှာတာထောက်ထားသောအသိဖြင့် ပြုစုကုသပါမည် ဟူသည့်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိသည့် မိမိတို့တိုင်းရင်းသားပြည်သူများအား ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးနှင့် မိမိတို့၏ ဘဝတက်လမ်းနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများ အဆင့်ဆင့်တိုးတက်ရရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

❖ ပြည်တွင်းမှာ ဆေးပညာဘွဲ့လွန်ပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ရေးအတွက် လုပ်သက်ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်တဲ့ ဘွဲ့လွန်ဆေးပညာမဟာသိပ္ပံသင်တန်း ၁၁ မျိုးဖြစ်တဲ့ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုပညာ၊ အဏုမြူရောင်ခြည်ဆေးပညာနဲ့ မေ့ဆေးပညာတို့ကို ဝါသနာပါပြီး လေ့လာလိုက်စားသူတွေအတွက် စောစီးစွာ ဘွဲ့လွန်ဖြေကြားနိုင်တဲ့ အခွင့်အလမ်းတွေ ရရှိကြမှာဖြစ်ပါတယ်

# မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် သတ်ဖြတ်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ပညာရေး နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှုအခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများကို အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများ၌ ပညာသင်ကြားရေးကို ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။







ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃) အခြေခံပညာကျောင်း၌ ဆန့်ကျင်ခြိမ်းခြောက်စာသားများ ရေးသားထားသည့် ဗီနိုင်းစချိတ်ဆွဲထားမှု။

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ စာသင်ကျောင်း နှစ်ကျောင်း၌ ဆန့်ကျင် ခြိမ်းခြောက်စာသားများ ရေးသားသွားမှု။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသား တစ်ဦး သေဆုံးမှု။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၇ နာရီခန့်တွင် ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေနံတောင်ကျေးရွာရှိ ရေနံတောင်အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ ကြံခင်းမြို့နယ် ညောင်ဝိုင်းကျေးရွာရှိ ညောင်ဝိုင်းအခြေခံပညာ မူလတန်းကျောင်း၌လည်းကောင်း၊ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက်ရှိ စာသင်ကျောင်း၌လည်းကောင်း အနာဂတ်လူငယ်များ၏ ပညာသင်ကြားခြင်းကို အဟန့်အတား ဖြစ်စေသည့် ခြိမ်းခြောက်စာများ ရေးသားထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နေ ကိုဘိုမင်းသူ(၃၅)နှစ်(ဘ)ဦးဇော်မင်းဦးသည် ၎င်း၏ သားဖြစ်သူကိုကျောင်းသို့ပို့ဆောင်ပြီး ပြန်လာစဉ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၀) ရပ်ကွက် ကျောင်းလမ်းနှင့် အောင်ချမ်းသာ(၂) လမ်းထောင့်သို့ အရောက်၌ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်အမျိုးသား သုံးဦးက သေနတ်ဖြင့် ပစ်ခတ် ထွက်ပြေးသွားခဲ့ရာ ကိုဘိုမင်းသူတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများကို အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း မပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက် အကြမ်းဖက်ခြင်းများနှင့် ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့ရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၅**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကိုနှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုင်းရိုးကျေးရွာရှိအခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြ ကျောင်းဆရာ/ဆရာမ နှစ်ဦး၏ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခဲ့သဖြင့် လက်လုပ်ဗုံးများ ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်ကြမ်းခင်းနှင့် အမိုးသွပ်များ ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ည ၆ နာရီခန့်တွင် ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့ အမှတ်(၁) ရပ်ကွက်ရှိ စည်ပင်ရုံးနှင့် အမှတ်(၂)ရပ်ကွက်ရှိ “ခမ်း”ကိုယ်ပိုင်အထက်တန်းကျောင်းတို့အား လည်းကောင်း၊ ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အချုပ်ကလေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား လည်းကောင်း၊ ယနေ့ နံနက် ၂ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းအား လည်းကောင်း၊ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မန်ခိန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ “ရွှေနဒီ” ကျောင်းဆောင်ဟောင်းအား လည်းကောင်း PDF အမည်ခံအကြမ်းဖက်သမားများက မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ကြရာ မီးလောင်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုများကြောင့် ကျောင်းဆောင်များအတွင်းရှိ စာရွက်စာတမ်း၊ စာရေးခုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗီရိုများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အုတ်ခံ၊ ပျဉ်ထောင်၊ သွပ်မိုး၊ ပျဉ်ခင်း၊ စာသင်ခန်း သုံးခန်းတွဲ နှစ်ထပ်ကျောင်းဆောင် တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။





ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှု။






မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှု။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်လူငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားမြေသြဇာဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇွန် ၁၅**

"ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ" သည် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများ စုစည်းဖွဲ့စည်းထားသော Consortium အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အရည်အသွေးနှင့်စံချိန်စံညွှန်း ပြည့်မီသည့် ယူရီးယားမြေသြဇာများ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့်တိုက်ရိုက် ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေသြဇာ ၇၅၀၀၀ တန်ခန့်ကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၁၁ ခုရှိ မြို့နယ် ၁၃၆ မြို့နယ်မှ အရောင်းဆိုင် ၂၈၁ ဆိုင်တွင် ကြိုက်ရောင်း/ ကြိုက်ဝယ်စနစ်ဖြင့် လက်ငင်းငွေချေဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးမည့် ယူရီးယားမြေသြဇာများကို သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ဝယ်ယူခွင့်လက်မှတ်များ အခမဲ့ရယူ၍ မြို့နယ်များရှိ သက်ဆိုင်ရာအရောင်းဆိုင်များ၌ "ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေးဦးဆောင်ကော်မတီ" မှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများကိုမြို့နယ်အလိုက် သတ်မှတ်ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိခဲ့လျှင်သော်လည်းကောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း ၀၆၇ - ၄၁၀၀၃၅၊ သမဝါယမဦးစီးဌာန ဖုန်း ၀၆၇ - ၄၁၀၀၄၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၆၇ - ၄၁၈၆၂ နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း ဆက်သွယ်နိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

## ယူရီးယားမြေသြဇာများအတွက် ရည်ညွှန်းဈေးနှုန်းများ

၁၅-၆-၂၀၂၂

50 Kg ပါ တစ်အိတ်ဈေးနှုန်းဖြစ်ပါသည်။

| ကုန်ပစ္စည်း | ရန်ကုန်ဂိုဒေါင်ဈေး | ပဲခူး | | မန္တလေး | မကွေး | | မွန် | စစ်ကိုင်း | | ရန်ကုန် | | ရခိုင် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပဲခူး | ပြည် | | မကွေး | စလင်း/ ပွင့်ဖြူ | မော်လမြိုင်/ သထုံ | မုံရွာ | ရေဦး/ ရွှေဘို | သုံးခွ | ထန်းတပင် | စစ်တွေ | မောင်တော |
| ယူရီးယား မြေသြဇာ | ၈၆၀၀၀ | ၈၇၈၀၀ | ၈၈၆၀၀ | ၈၈၆၀၀ | ၈၉၀၀၀ | ၈၉၁၀၀ | ၈၈၈၀၀ | ၈၉၅၀၀ | ၈၉၈၀၀ | ၈၈၀၀၀ | ၈၆၅၀၀ | ၉၂၆၀၀ | ၉၉၄၀၀ |
| | | ကရင် | | ဧရာဝတီ | | ရှမ်း (အရှေ့) | | ရှမ်း (မြောက်) | | ရှမ်း (တောင်) | | | |
| | | ဘားအံ | လှိုင်းဘွဲ့ | ပုသိမ် | ဟင်္သာတ | ကျိုင်းတုံ | မိုင်းတုံ | လားရှိုး | ကျောက်မဲ | တောင်ကြီး | ကလော | မိုင်းပန် | |
| | | ၈၈၈၀၀ | ၈၉၃၀၀ | ၈၈၂၀၀ | ၈၈၁၀၀ | ၉၆၀၀၀ | ၁၀၀၈၀၀ | ၉၂၀၀၀ | ၉၀၁၀၀ | ၈၉၅၀၀ | ၈၈၈၀၀ | ၉၂၀၀၀ | |

မှတ်ချက် ။ (၁) ရန်ကုန်ဂိုဒေါင်ဈေး + ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ် + ကုန်တင် /ချ ခ + အမြတ်ငွေတို့ပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) ယူရီးယားမြေသြဇာဝယ်ယူသုံးစွဲသူတောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများ ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ ဝယ်ယူရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည် -

၀၆၇ - ၄၁၀၀၃၅ (သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

၀၆၇ - ၄၁၀၀၄၀ (သမဝါယမဦးစီးဌာန)

၀၆၇ - ၄၁၈၆၂ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

တိုင်းဒေသကြီး / ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း တိုင်ကြားနိုင်ပါသည်။

(၃) သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိပါက မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီသို့ ချိတ်ဆက်သတင်းပို့ဝယ်ယူနိုင်ပါသည်။

**ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ**

# ချောင်းဦးမြို့၌ ဝါသီးနှံမျိုးစေ့ထုတ် နည်းပညာပေးသင်တန်းဖွင့်

**ချောင်းဦး ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ဇွန် ၁၄ ရက်က တောင်သူ များအား ဖိတ်ကြားပြီး ဝါသီးနှံမျိုးစေ့ထုတ် နည်းပညာပေးသင်တန်းဖွင့်လှစ်၍ ဝါမျိုးကောင်း မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဝါသီးနှံကို အဓိကထား စိုက်ပျိုးကြသော်လည်း ယခင်က စိုက်ပျိုးနေကျ ဝါမျိုးများကို စိုက်ပျိုးခဲ့ကြောင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမှုနည်း၍ ဝါအထွက်နှုန်းနည်းသောကြောင့် ယခုအခါ တောင်သူများ ဝါသီးနှံကို မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး ကိုယ်တိုင်မျိုးစေ့ထုတ်နိုင်စေရန် သင်တန်းဖွင့်လှစ် နည်းပညာပေးရခြင်းဖြစ်ကြောင်း၊ ဒေသတွင်းမှာ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြန့်ပွားလာစေရန်၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ အလွယ်တကူ ဈေးနှုန်းချိုသာစွာ ရရှိလာစေရန်၊ တောင်သူများကိုယ်တိုင် မျိုးကောင်း မျိုးသန့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်တတ်စေရန် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။



တောင်သူများအား ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်စဉ်။

ထို့နောက် တက်ရောက်လာသည့် ဝါစိုက်တောင်သူ ၂၀ အား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဝါမျိုးစေ့ ရွှေတောင် ၈ နှင့် ရွှေတောင် ၁၀ မျိုး ဧက ၁၀၀ စာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးညွန့်အောင်၊ ဆည်မြောင်းဦးစီးဌာန တာဝန်ခံနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ထောက်ပံ့ပေးအပ်ခဲ့သည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ်အတွက် ဝါသီးနှံစိုက်ပျိုးရန် ၇၇၇၈ ဧက လျာထားပြီး ယခုအခါ ၄၅၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရက ထောက်ပံ့သည့် ဝါသီးနှံမျိုးကောင်း မျိုးသန့် မျိုးစေ့ ဧက ၁၀၀ စာကို အကျိုးဆောင် တောင်သူများနှင့် ပူးပေါင်းပြီး မျိုးကောင်း မျိုးသန့်များ ဒေသတွင်းပြန့်ပွားအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင်လည်း မိမိတို့အိမ်အတွင်းရှိ စားဆိုဒါနှင့် ရှာလကာရည်အသုံးပြုပြီး ယာမြေအတွင်းရှိ မြေကြီး၏ ချဉ်/ငန်ဓာတ် တိုင်းတာနည်း၊ ယူရီးယားနှင့် လက်ချားရောစပ်၍ အပင်များအထွက်နှုန်း ကောင်းစေရန် အသုံးပြုရမည့် နည်းစနစ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**



# မူဆယ်မြို့၌ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းဖွင့်

**မူဆယ် ဇွန် ၁၅**

မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်(ဗဟို)နှင့် ရှမ်းပြည်နယ် မူဆယ်ခရိုင် ပရဟိတလူမှုကူညီရေးအသင်းပေါင်းစုံမှ ကြီးမှူး၍ နိုင်ငံတကာအဆင့်မီအရေးပေါ်အသက်ကယ်သင်တန်းကို ဇွန် ၁၅ ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မူဆယ်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ လားရှိုး၊ သီပေါ၊ မူဆယ်၊ ကွတ်ခိုင်၊ မိုင်းရယ်၊ ကွန်လုံ၊ နမ့်ခမ်း၊ မုံးပေါ်နှင့် မန္တလေး၊ ရန်ကုန်မြို့တို့မှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကာ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (ဗဟို)ဥက္ကဋ္ဌ ဦးလှထွန်း(လူမှုထူးချွန်)က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်းနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများက မတော်တဆယာဉ်တိုက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ ကြုံတွေ့လာပါက နည်းစနစ်တကျ အချိန်မီကယ်တင်ရမည့် နည်းလမ်းများကို လက်တွေ့ပြသခဲ့သည်။

သင်တန်းကို မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း ဇွန် ၁၅ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၆-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊တော်ရွှေကျံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၁၂:၃၀** MRTV National News
**၁၂:၅၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၅** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ၃၀ဖြာမင်္ဂလာ 'ပူဇာပူဇနေယျာနံ' (ပူဇော်ထိုက်သူကိုပူဇော်ရခြင်း)
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'ကျွန်တော်ချစ်သောမိန်းမများ'** (အပိုင်း-၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၁၅)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'လိုဘ'**

**mitv**

**07:01** Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:10** Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
**07:30** Travelogue: To the coastal region (Myeik - Kawthoung)(Part-1)
**08:01** Discovering Tribes "Rvwang" Their Life and Customs (Part-2)
**08:30** Healthy Diet: Fasting Diet
**08:38** The Great Collector: Myanmar Antique Furniture and Handicraft
**09:01** News
**09:27** Alms Bowl
**09:46** Irrawaddy Dolphin (Part-2)
**10:02** Golden Mandalay Hill

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အရသာမြိန်ရှက်စေတဲ့ဆန်ကောထမင်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေစကားသင်ကြရအောင်(အပိုင်း-၃)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ပြောင်းဖူးခြောက်ပြုတ်နည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၂)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ကလေးငယ်များကိုဖြည့်စွက်စာကျွေးခြင်း
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** မီးဖိုပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ပုတာအိုသို့အလည်တစ်ခေါက်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** လန်းဆန်းပျော်ရွှင်ရေလမ်းကြောင်းခရီးစဉ်
**ဝကကကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကန်စွန်းရွက်နှင့်ကျန်းမာရေး

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ယုက်ဖြာသွယ်တန်းထားပုလဲကေရီမှ ကျေးလက်လမ်းကွန်ရက်များ (အပိုင်း-၁)
**၁၃:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တာဝန်နှင့်လူ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၀** တန်ဖိုးမြင့်ထုတ်ကုန် ဖွဲ့နဆီအစွမ်း
**၀၇:၀၀** အဖိုးနည်းဝန်ပါတန်ဖိုးရှိတဲ့ 'ဝါးခမောက်ပါ'
**၀၇:၄၀** ကဏန်းသယံဇာတများထွက်ရှိရာ ကဏန်းကမ္ဘာ
**၀၈:၄၅** အဖိုးမဖြတ်နိုင်သောမြန်မာ့ရွှေဖြူ
**၀၉:၄၀** ရွှေချည်(၉)ရွှေတောင်(၈)တောင်သူများ အတွက်စီးပွားဖြစ်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




**နေပြည်တော် ဇွန် ၁၅**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲအသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ်(၇၀)ကို ဇွန် ၁၇ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ဂျေနေဘတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၁၇၊ ၁၈ နှင့် ၁၉ ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "အလှကမ္ဘာမြေ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇွန် ၁၅**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အဖြစ် **"အလှကမ္ဘာမြေ"** တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဇွန် ၁၇ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် တေးသံရှင်များဖြစ်ကြသည့် သန်းမြတ်စိုး၊ နေအောင်၊ ရဲထိုက်၊ ဘုန်းသစ်၊ စောဒယ်နီရယ်၊ မေသန်းနု၊ မယ်လိုဒီ၊ ခိုင်သဇင်ဦးနှင့် ခင်လပြည့်ဝန်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇွန် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၆ - ၂၀၂၂

**ရွှေ**

၁၄-၆-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၅၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၃၆၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၀၅ ကျပ် | ၂၆၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၃၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၃၀ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၂ . ၇၂၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၇၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၈ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၅ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၇၀၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၅၀၀ | ၄၄၄ | ၃၃၃၀၀၀၀ |
| MTSH | ၂၆၅၀ | ၂၇၀၀ | ၄၃ | ၁၁၅၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၂၅ | ၄၃၇၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁၁၁ | ၂၈၃၀၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃ | ၁၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ စက်မှုလက်မှုအလုပ်ရုံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၅**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေကြသည့် ပထမနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းအုပ်ကြီး ပါမောက္ခချုပ်ဒေါက်တာရီရီဝင်းက သမဝါယမပညာရပ်များသင်ကြားပို့ချပေးနေမှုနှင့် တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ကျောင်းစာကြည့်တိုက်၊ စာသင်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ စက်မှုလက်မှုအလုပ်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် အလုပ်ရုံအတွင်းရှိ စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**သတင်းစဉ်**

## ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံတွင် ကျင်းပပြုလုပ်သွားမည်

**ရန်ကုန် ဇွန် ၁၅**
မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ရွှေသံလွင်မီဒီယာက စီစဉ်သည့် SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ဇွန် ၂၅ ရက်၊ ၂၆ ရက်၊ ဇူလိုင် ၃ ရက်နှင့် ၁၀ ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ဝင်း၌ ပြုလုပ်သည့် SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။



အဆိုပါ SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးတွင် ၆၀ ကီလိုတန်းမှ လက်ဝှေ့အားကစားသမားများဖြစ်ကြသည့် သန့်ဇင်၊ မင်းကျော်ဇ၊ စောမူထော်ဂေး၊ စောအယ်ဖူး၊ စောဘဟိန်း၊ ဟိန်းထွန်းအောင်၊ လင်းထက်အောင်၊ ချစ်ဝိုင်းဝိုင်း၊ ၆၃ ဒသမ ၅ကီလိုတန်းတွင် အဲမွီ၊ ကျားသွေး၊ စောဒါဝိတ်၊ နက္ခမင်း၊ ဖွဲ့ရာမာန်၊ သက်ဝင်းအောင်၊ ကိုကိုအောင်၊ ဆလိုင်းချမ်းမြေ့ကို၊ ၆၇ကီလိုတန်းတွင် ကမ္ဘာကျော်၊ ဟံသာဝတီ၊ ကမ္ဘာရှား၊ မင်းထူးထူး၊ စောမင်းမင်း၊ မာန်မင်းအောင်၊ ကိုနိုင်၊ စောရေထူး၊ ၇၀-၇၁ကီလိုတန်းတွင် ဖိုးလပြည့်၊ မင်းထက်အောင်၊ စောမင်းအောင်၊ ကြယ်ကြီးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စိန်ခေါ်ပွဲများတွင် ထက်နိုင်အောင်နှင့် ယူကလိန်းအောင်၊ မိုးမှော်နှင့် အောင်မင်းထွန်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားမည့်နေ့တွင် သုံးမိနစ် လေးချီ စိန်ခေါ်ပွဲစဉ် နှစ်ပွဲ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲပုံစံမှာ ရွှေအောင်လံပွဲစဉ်ဖြစ်သည့်အလျောက် အလဲထိုးနှင့် အမှတ်ပေးနည်းစနစ်ကို ကျင့်သုံးမည်ဖြစ်ပြီး အမှတ်ပေးမှုမှာ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိဒိုင်လူကြီးများက ဆုံးဖြတ်အမှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဝိတ်တန်းအလိုက် ပါဝင်ယှဉ်ပြိုင်ကြမည့် ကစားသမားများမှာလည်း မြန်မာပြည်အနှံ့မှ ရိုးရာလက်ဝှေ့ကစားသမားများဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် အောင်မြင်မှုများရရှိထားသည့် မျိုးဆက်သစ် ရွှေအောင်လံဆုရှင်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြု ချန်ပီယံဆုရှင်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ယှဉ်ပြိုင်မည့် ဝိတ်တန်းများကို ကွာတားဖိုင်နယ်မှ စတင်ကာ နိုင်တက်၊ ရှုံးထွက်စနစ်ကို ကျင့်သုံးပြီး အလဲထိုးဖြင့် ပွဲစဉ်မပြတ်ပါက အမှတ်ပေးစနစ်ဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး၏ ပွဲစဉ်အားလုံးကို "SKYNET SPORTS-4", "SKYNET SPORTS-HD"ရုပ်သံလိုင်းတို့တွင် တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည့်အပြင် သိမ်ဖြူလက်ဝှေ့အားကစားရုံသို့ လာရောက်ကြည့်ရှုသူများအနေဖြင့် ရုံဝင်ကြေးလက်မှတ်ခ ငွေကျပ် ၅၀၀၀ ၊ ငွေကျပ် ၁၀၀၀၀ နှင့် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း - နေစိုး**
**ဓာတ်ပုံ - ကိုရဲ**

### ဘင်ဖီကာ တိုက်စစ်မှူး ဒါဝင် နူနက်ဇ် လီဗာပူး အပြီးသတ်ခေါ်ယူ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ ဥရုဂွေး တိုက်စစ်ကစားသမား ဒါဝင် နူနက်ဇ်ကို ခြောက်နှစ်စာချုပ်နှင့်အတူ ကနဦးပြောင်းရွှေ့ကြေး ပေါင် ၆၄ သန်းဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် အဆိုပါတိုက်စစ်ကစားသမား၏ ပြောင်းရွှေ့ကြေးသည် အပိုဆုကြေးများပါထည့်တွက်ပါက ပေါင် ၈၅ သန်းအထိ ရှိလာနိုင်ပြီး ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူသည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။ နူနက်ဇ်သည် ပြီးခဲ့သည့် ရာသီတွင် ဘင်ဖီကာအသင်းအတွက် ၄၁ ပွဲ ပါဝင်ကစားထားပြီး ၃၄ ဂိုးအထိ သွင်းယူပေးထားသူဖြစ်သည်။

လီဗာပူးအသင်း၏ လက်ရှိစံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသူမှာ ဗဟိုခံစစ်ကစားသမား ဗန်ဒိုက်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ဆောက်သမ်တန်အသင်းမှ ပေါင် ၇၅ သန်းဖြင့် ခေါ်ယူထားခြင်းဖြစ်သည်။ နူနက်ဇ်သည် လီဗာပူးအသင်းတွင် နံပါတ် ၂၇ ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်ပြီး လူးဝစ်ဆွာရက်ဇ်နှင့် ဆီဗက်စ်ယန်ကုတီးတို့ပြီးနောက် အန်ဖီးလ်တွင် စာချုပ်ချုပ်ဆိုသည့် တတိယမြောက် ဥရုဂွေးကစားသမား ဖြစ်လာခဲ့သည်။

**အောင်ဇော်**



### ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၅**
ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)တို့ ပူးပေါင်းကျင်းပသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်နှင့် သိပ္ပံပညာရှင်၊ သိပ္ပံစာရေးဆရာ ဒေါက်တာကိုကိုအောင်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောကြသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၂၀၀ ခန့်တက်ရောက်ကြသည်။ **အာကာလင်း**

### ပန်းတနော်မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေးပညာပေး

**ပန်းတနော် ဇွန် ၁၅**
မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် "ငါးသယံဇာတ ထိန်းသိမ်းရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး" စာသားပါ မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် ငါးလုပ်ငန်းပညာပေး လက်ကမ်းဆောင်များ ဖြန့်ဝေပေးခြင်းကို ဇွန် ၁၁ ရက်က ပန်းတနော်မြို့နယ် အင်းမကျေးရွာ၌ ဆောင်ရွက်သည်။

ငါးသယံဇာတပြုန်းတီးမှုမဖြစ်ပေါ်စေရန် ပြည်သူများလိုက်နာရမည့် ရေချိုု၊ ရေငန် ငါးလုပ်ငန်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် စသည့်အချက်များပါဝင်သော မြေစိုက်ပိုစတာကို မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ကျေးလက်ပြည်သူများနှင့် ရေလုပ်သား အစုအဖွဲ့ဝင်များ ပါဝင်စိုက်ထူခဲ့ပြီး ငါးလုပ်ငန်းပညာပေး လက်ကမ်းစာစောင်များကိုလည်း ခရီးသွားပြည်သူများအား အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်သည်။ **သတင်းစဉ်**

### သာယာဝတီမြို့၌ မိုးရာသီ သစ်ပင်စိုက်ရန် ပျိုးပင်ပေါင်း ၅၀၀၀၀ စိုက်ပျိုးထား

**သာယာဝတီ ဇွန် ၁၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၂ ခုနှစ် မိုးရာသီ သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးအတွက် ရာပြည့်ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူးထံမှ သိရသည်။

အဆိုပါ ပျိုးဥယျာဉ်၌ ကျွန်း ၁၆၀၀၀၊ မန်ကျည်းရှား ၂၈၀၀၀၊ မဟော်ဂနီ ၁၀၀၀၊ ပျဉ်းကတိုး ၁၀၀၀၊ ပိတောက် ၁၀၀၀၊ ခရေ ၁၅၀၀၊ ယမနေ ၃၀၀၊ စိန်ပန်း ၅၀၀၊ မဲဇလီ ၄၀၀၊ ကုက္ကို ၃၀၀ စုစုပေါင်း ပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိပြီး ဇွန်လပိုင်းမြေအစိုဓာတ်ရရှိချိန်တွင် ဒေသခံပြည်သူ များ စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝဲကျေးရွာအနီး ကမ်းနီကြိုးဝိုင်းကွင်းအမှတ် (၁၂၂) စိုက်ခင်းပျိုးဥယျာဉ်တွင် ၂၀၂၂ မိုးရာသီစိုက်ပျိုးရန် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၀၀ အတွက် ပျိုးပင် ပေါင်း ၁၀၈၀၀၀ ပျိုးထောင်ထားရှိပြီး သစ်တောဦးစီးဌာနအနေဖြင့် ဇွန်လအတွင်း စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ဝင်းနိုင်ထံမှ သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလျှောကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၀၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၅၁၆။ | စစ်တက္ကသိုလ်အမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိမိသားစု (ကျောက်စာရုံစေတီ-၂ ဆူ လှူဒါန်း) | နေပြည်တော် | ၅၆၀၀၀၀၀ |
| ၂၅၁၇။ | ပြည်ထောင်စုဝန်ကြီး သုဓမ္မသိင်္ဂီ ဒေါ်သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၁၉၈၆၃၀၀ |
| ၂၅၁၈။ | မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ (ကျောက်စာရုံစေတီ-၁ ဆူ လှူဒါန်း) | မော်လမြိုင်မြို့ | ၂၇၉၀၀၀၀ |
| ၂၅၁၉။ | နှစ်ဖက်မိဘများအားအမျှထား၍ ဗိုလ်မှူးကြီး ကျော်လင်း(ငြိမ်း)နှင့် ဇနီး ဒေါ်သီသီနွဲ့ (သမီး)မမေမြတ်ကျော် မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၅၂၀။ | ကွယ်လွန်ပြီးသော နှစ်ဖက်မိဘများ ဦးပွနှင့်ဇနီး ဒေါ်ညှာ၊ ဦးတင်နှင့်ဇနီး ဒေါ်နှင်းမြိုင်တို့ကို ရည်စူးအမျှထား၍ ဗိုလ်မှူးစိုးမြင့်နှင့်ဇနီး ဒေါ်ညွန့်ညွန့်သန်း သားသမီးများနှင့်မြေးခုနစ်ဖော်မိသားစု ကောင်းမှု (ကျောက်စာရုံစေတီ-၁ ဆူ လှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀ |
| ၂၅၂၁။ | ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း) နှင့်ဇနီး ဒေါ်တင်တင်လှသား၊ သမီး၊ မြေးတစ်စု (ဂန္ဓကုဋီတိုက် တတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၉၃၃၀၀၀၀ |
| ၂၅၂၂။ | ဖခင်ကြီး ပါမောက္ခ ဒေါက်တာ မြဦး အားရည်စူး၍ ဒေါ်တင်တင်မြ မိသားစုကောင်းမှု | လှိုင်မြို့ | ၃၀၀၀၀၀ |
| ၂၅၂၃။ | ဦးညာဏ်မြင့်+ဒေါ်လှလှသန်းမိသားစု | မိတ္ထီလာမြို့ | ၅၀၀၀၀ |
| ၂၅၂၄။ | ဒုအရာခံဗိုလ် ရဲမြင့်+ဒေါ်တင်တင်အေး မိသားစု | ပခုက္ကူမြို့ | ၁၀၀၀၀၀ |
| ၂၅၂၅။ | ဦးအေးမြင့်+ဒေါ်စန်းစန်းမြင့်မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၅၂၆။ | တပ်ကြပ်ကြီး/စာရေး ဟံမြင့်+ ဒေါ်သင်းသင်းကြည် မိသားစု | ညောင်ဦးမြို့ | ၁၀၀၀၀၀ |
| ၂၅၂၇။ | ဦးကျော်ဝင်း+ဒေါ်အေးဝင်းမိသားစု | မိတ္ထီလာမြို့ | ၅၀၀၀၀ |
| ၂၅၂၈။ | ကွယ်လွန်သူ မိဘများအား ရည်စူး၍ တပ်ကြပ်ကြီး ရီဝင်း(ငြိမ်း)+(ဒေါ်တင်တင်မိုး) (သမီး) မရွှေရည်ဝင်းမိသားစု ကောင်းမှု | နေပြည်တော် | ၃၀၀၀၀ |
| ၂၅၂၉။ | ဒေါ်ရွှေစင်ဝင်း | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၅၃၀။ | ဦးမင်းဒင် | မော်လမြိုင်မြို့ | ၃၀၀၀၀ |
| ၂၅၃၁။ | တပ်မတော်အထည်ချုပ်စက်ရုံ (မင်္ဂလာဒုံ)(ဝါယာလက်)ချုပ်လုပ်ငန်း(၁၀)မှ တာဝန်ခံနှင့်ဝန်ထမ်းများ | ရန်ကုန်မြို့ | ၉၁၅၀၀ |
| ၂၅၃၂။ | အရာခံဗိုလ် ညိုဝင်း+ဒေါ်ခင်ဌေးမိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၅၃၃။ | ဦးအောင်နိုင်ထွန်းနှင့်ဇနီး ဒေါ်ငြိမ်းချမ်းသာ (ကြွေပြား-၁ ကျင်း၊ Garden Light -၁ တိုင် လှူဒါန်း) | နေပြည်တော် | ၄၀၀၀၀၀ |
| ၂၅၃၄။ | နှစ်ဖက်သောမိဘများအား အမျှထား၍ ဦးမင်းကြိုင်သန့်နှင့်ဇနီး ဒေါ်အေးသီတာစိန်မိသားစု (စကျင်ကျောက်ပြား-၁၀ ကျင်းလှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၂၅၃၅။ | ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနဝန်ထမ်းများ | ပုသိမ်မြို့ | ၆၄၅၀၀၀ |
| ၂၅၃၆။ | ဒေါ်ခင်စိုး | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၅၃၇။ | ဒေါ်ခင်သန်းမော် | ရန်ကုန်မြို့ | ၃၂၀၀၀၀ |
| ၂၅၃၈။ | ဦးခင်မောင်ဝင်း+ဒေါ်တင်တင်နွယ် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၅၃၉။ | ဦးအောင်လွင်+ဒေါ်မြင့်မြင့်နိုင် (သမီး)မသင်းရွှေရည်သန့် | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၅၄၀။ | ဦးသန်းထွေး+ဒေါ်သက်သက်နှင်း (သား)မောင်ခန့်မင်းသူ၊ မောင်ရဲပြည့်ဖြိုး | နေပြည်တော် | ၅၀၀၀၀ |
| ၂၅၄၁။ | နှစ်ဖက်သောဘိုးဘွားမိဘများအား အမျှထား၍(ဦးမောင်မောင်အေး)+ဒေါ်မြင့်မြင့်(သမီး)မသင်းသူ (သား)ဗိုလ်ကြီး မင်းဟိန်းထက်(သီဟထွန်း)၊ ဝေယံမိုးဦး | ပြင်ဦးလွင်မြို့ | ၁၁၀၀၀၀ |
| ၂၅၄၂။ | ဒေါ်မြတ်ယု | မြစ်ကြီးနားမြို့ | ၁၀၀၀၀ |
| ၂၅၄၃။ | ကိုဇော်လင်းထွဋ်နှင့် မလတ်လတ်သော်မိသားစု | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၅၄၄။ | ကွယ်လွန်သူဦးကျော်သောင်း (သမီး)မမြင့်မြင့်သန်း (သား)မောင်မောင်ဇော်တို့အား ရည်စူး၍ ဒေါ်ကြင်မြိုင်မိသားစုကောင်းမှု | မိတ္ထီလာမြို့ | ၁၀၀၀၀၀ |
| ၂၅၄၅။ | ဦးမျိုးဝင်း+ဒေါ်သိမ်းသိမ်းဝင်း၊ မဆုမွန်မျိုးဝင်း မိသားစု | နေပြည်တော် | ၅၀၀၀၀ |
| ၂၅၄၆။ | ဦးဟိန်းဖြိုးခိုင် (ကြွေပြား-၁ ကျင်း လှူဒါန်း) | ရန်ကုန်မြို့ | ၂၀၀၀၀၀ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
### ပဲခူးခရိုင်တရားမရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၈၃

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်လီမိတက် | နှင့် | ၁။ ဦးမြင့်မောင် |
| (၎င်း၏ကိုယ်စား မြန်မာအရှေ့တိုင်းဘဏ်လီမိတက် | | ၂။ ဒေါ်သာမရာဆဲလ်ဗွီး |
| ရန်ကုန်(ရုံးချုပ်)၊ မန်နေဂျာ-ဦးသက်ဦး) | | ၃။ ဒေါ်စန္ဒာလှိုင် |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပထမထပ်၊ အမှတ် (၂၀၃) နေ (၁) ဦးမြင့်မောင်၊ (၂) ဒေါ်သာမရာဆဲလ်ဗွီး၊ (၃) ဒေါ်စန္ဒာလှိုင် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုဘဏ်က အပေါင်ဖြင့်ချေးယူထားသော ဘဏ်ချေးငွေနှင့် အတိုးအပါအဝင် ဘဏ်ကြွေးငွေ (၂၅၅,၆၆၇,၂၈၂/၄၄ါး) (ကျပ်နှစ်ရာငါးဆယ့်ငါးသန်းခြောက်သိန်းခြောက်သောင်း ခုနစ်ထောင်နှစ်ရာ ရှစ်ဆယ့်နှစ်နှင့် လေးဆယ့် လေးပြားတိတိ)အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည် တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
### ပဲခူးခရိုင်တရားမရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၈၄

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်လီမိတက် | နှင့် | ၁။ ဦးမြင့်မောင် |
| (၎င်း၏ကိုယ်စား မြန်မာအရှေ့တိုင်းဘဏ်လီမိတက် | | ၂။ ဒေါ်သာမရာဆဲလ်ဗွီး |
| ရန်ကုန်(ရုံးချုပ်)၊ မန်နေဂျာ-ဦးသက်ဦး) | | ၃။ ဒေါ်စန္ဒာလှိုင် |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပထမထပ်၊ အမှတ် (၂၀၃)နေ (၁) ဦးမြင့်မောင်၊ (၂) ဒေါ်သာမရာဆဲလ်ဗွီး၊ (၃) ဒေါ်စန္ဒာလှိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုဘဏ်က အပေါင်ဖြင့်ချေးယူထားသော ဘဏ်ချေးငွေနှင့် အတိုးအပါအဝင် ဘဏ်ကြွေးငွေ (၃၇၁,၀၇၂,၀၀၈/၂၅ါး) (ကျပ်သုံးရာခုနစ်ဆယ့်တစ်သန်းခုနစ်သောင်းနှစ်ထောင် ရှစ်နှင့် နှစ်ဆယ်ငါးပြားတိတိ)အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည် တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

**(အောင်မျိုးထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**ပဲခူးခရိုင်တရားရုံး**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဟသ်ာတ(တက္ကသိုလ်) နေ့သင်တန်း ဒုတိယနှစ်(မြန်မာစာ)မှ မသန္တာအောင်နှင့် ပထမနှစ်(သတ္တဗေဒ)မှ မစန္ဒာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးထိန်ဝင်း(ခ)ဦးသိန်းဝင်း မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

| ၃၁ | ဦးမောင်ချို | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-881589748 | ။ |
| ၃၂ | ဒေါ်ထားထားမော် | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-771489825 | ။ |
| ၃၃ | ဦးမြင့်ထွန်း | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ | ။ |
| ၃၄ | ဦးတင်ကျော် | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | ကြို့ပင်ကျေးရွာ၊ မိုင်းကိုင်းကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-400692408 | ။ |
| ၃၅ | ဦးဝင်းဇော် | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-403870976 | ။ |
| ၃၆ | ဒေါ်အေးမော် | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-457631104/09-420787746 | ။ |
| ၃၇ | ဦးကျော်တင့် | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | နတ်နန်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ် 09-445616599 | ။ |
| ၃၈ | ဦးဆန်းမင်း | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | ကျွန်းကြီးကျေးရွာ၊ မုံရွာမြို့နယ်၊ 09-453181700 | ။ |
| ၃၉ | ဦးမောက်ဝင်း | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | နတ်နန်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-440747770 | ။ |
| ၄၀ | ဦးထွန်းနိုင် | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | နတ်နန်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ် 09-457954348 | ။ |
| ၄၁ | ဦးဇော်ဇော်အောင် | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | ရှားပင်ရွာ၊ မော်လိုက်မြို့နယ်၊ 09-457542152 | ။ |
| ၄၂ | ဦးဌေးဝင်း | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | ကွန်းတောင်းရွာ၊ စင်းလောင်းအုပ်စု၊ ဖောင်းပြင်မြို့နယ်၊ 09-408107716 | ။ |
| ၄၃ | ဦးစောလင်းအောင် | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | နတ်နန်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-459608844 | ။ |
| ၄၄ | ဦးကျန်ဆောင်း | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | နောင်ပိုအောင်ရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-257959939 | ။ |
| ၄၅ | ဦးထွန်းညို | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | နတ်နန်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-440122769 | ။ |
| ၄၆ | ဦးသန်းစိန် | ဟုမ္မလင်း | နတ်နန်း | ၁ | ၁,၁၄၇,၁၄၀.၈၃ | နတ်နန်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-400442546 | ။ |
| ၄၇ | ဦးဝင်းနိုင် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | နန့်သာကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၄၈ | ဦးမောက်ဆောင်း | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | နန့်သာကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၄၉ | ဦးဆန်းလင်း | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | တပ်ကုန်းကျေးရွာ၊ မော်လိုက်မြို့နယ်၊ 09-253002463 | ။ |
| ၅၀ | ဦးထွန်းဝင်း | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | တင်းချယ်ကျေးရွာ၊ နန့်သာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၁ | ဦးကျင်ရွှေ | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | စေတီဆိပ်ကျေးရွာ၊ နန့်သာကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၂ | ဦးတင်နိုင်ဝင်း | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | စေတီဆိပ်ကျေးရွာ၊ နန့်သာကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၃ | ဦးဝင်းလတ် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | မကျီးဘုတ်ရွာ၊ မြောင်မြို့နယ်။ 09-253002463 | ။ |
| ၅၄ | ဦးမြင့်နိုင် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | နန့်သာကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၅ | ဦးသိန်းဟန် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | နန့်သာကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၆ | ဦးဝင်းဇော် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | မန်စော်ဆိုင်းကျေးရွာ၊ နန့်သာကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၇ | ဦးထွန်းမောင် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | နန့်သာကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၈ | ဦးမောက်ပြည့် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | စေတီဆိပ်ကျေးရွာ၊ နန့်သာကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၅၉ | ဦးညိုအောင် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | နန့်သာကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၆၀ | ဦးတင်ဆွေ | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | မြိုင်သာကျေးရွာ၊ နန့်သာကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၆၁ | ဒေါ်ဌေးဌေးဦး | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | နန့်သာကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09-895400588 | ။ |
| ၆၂ | ဦးကျော်ဝင်း | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | တင်းချယ်ကျေးရွာ၊ နန့်သာကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၆၃ | ဦးရဲစိုး | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | တင်းချယ်ကျေးရွာ၊ နန့်သာကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09-253002463 | ။ |
| ၆၄ | ဦးအေးလွင် | ဟုမ္မလင်း | နန့်သာ | ၁ | ၁,၁၄၇,၁၄၀.၈၃ | အုန်းမရွာ၊ ကနီမြို့နယ်၊ 09-253002463 | ။ |

သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ပေးသွင်းခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါ သည်။

**စစ်ကိုင်းတိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ / လစာနှစ်ချုပ်စာရင်း / နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှု ခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော ကုမ္ပဏီအသစ်ဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးသို့ အခွန်ထမ်းမှတ်ပုံတင်ရန်နှင့် အခွန်စည်းကြပ်မှုခံယူရမည့်ရုံး သတ်မှတ်ပေးရန် ဦးစွာလျှောက်ထားရန်ဖြစ်ပြီး အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးက သတ်မှတ်ပေးသည့်အခွန်ရုံးတွင် ကြေညာလွှာတင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန် ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည်-

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အခွန်ကြေညာလွှာများကို စနစ်အသုံးပြု၍ တင်သွင်းရာတွင် ဖြည့်သွင်းသော အချက်အလက်များ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုအတွက် အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးများသို့ စာတိုက်မှတစ်ဆင့် (သို့မဟုတ်) သင့်လျော်ရာနည်းဖြင့် ကြိုတင်ပေးပို့ထားရမည် ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာ တင်သွင်းပုံအဆင့်ဆင့် ဗီဒီယိုဖိုင် (User Guide Video Files)များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် ဖြစ်သည့် www.ird.gov.mm > Media Menu (https://www.ird. gov.mm/my/content/video) တွင် လေ့လာနိုင်ပါသည်။

(**မှတ်ချက်။** အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (အခွန်ကြေညာလွှာပုံစံများကို သက်ဆိုင်ရာအခွန်ရုံးများနှင့် ဌာန၏ Website ဖြစ်သော www.ird.gov.mm မှ ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (ကြာသပတေးနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) **ငွေကျပ်တစ်သိန်း။**

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာ တင်သွင်းရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာ အခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) **အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး**
**အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊**
**ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀**

(ခ) **အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)**
**ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန**
**ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃**

(ဂ) **အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)**
**၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂**

ပြည်တွင်းအခွန်များဦးစီးဌာန

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6323 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေကျင်ကွက်သစ်ရပ်ကွက်နေ ဦးဝင်းမြင့်နှင့် ဒေါ်ခင်စန်းတင့် တို့၏သား မောင်ဝေဖြိုးသည် မိဘအပေါ်တွင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးဝင်းမြင့်-ဒေါ်ခင်စန်းတင့်

---

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် ဇာရီမှုအမှတ် - ၂၂

မြဝတီဘဏ်(၎င်းကိုယ်စား မန်နေဂျာဒေါ်ခင်စန္ဒာလွင်) နှင့် ၁။ ဦးနေလင်းအောင် ၂။ ဒေါ်စုစန္ဒီအောင် (ကွယ်လွန်သူ ဒေါ်စန်းစန်းထွေး၏ တရားဝင်ကိုယ်စားလှယ်များ)

ဒီကရီအနိုင်ရသူ တရားရှုံးများ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၊ ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၂ခုနှစ် ဇူလိုင် ၂၀ရက် နံနက် ၁၀:၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ်-ရွှေသပြေရိပ်မွန်အိမ်ရာ(၁)၊ မြေကွက်အမှတ်-၅၊ မြေရေိယာ ၀ ဒသမ ၀၈၆ဧကရှိ ဒေါ်စန်းစန်းထွေးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်နှင့် ယင်းမြေပေါ်ရှိ အမှတ် ၅၄၊ ရွှေသပြေရိပ်မွန်အိမ်ရာ(၁)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ခြံဝင်းအတွင်းရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်များအားလုံး။

**ကြမ်းခင်းဈေး-သိန်း ၆၅၀၀(ကျပ်သိန်းခြောက်ထောင့်ငါးရာတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲ ဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## အနူးအညွတ်ဝန်ချတောင်းပန်ခြင်း

လေးစားကြည်ညိုရသော စာရေးဆရာကြီးများ၏ ဘာသာရေးအသိပေးပြီး အနှစ်သာရရှိလှသော စာကောင်းများကို ဖေ့စ်ဘွတ်ပေါ်တွင် အမှတ်မထင် ဖတ်ရသောအခါ နောင်တစ်ချိန် ပျောက်ပျက်သွားမည်ကိုစိုးရိမ်မိသဖြင့် ကူးယူသိမ်းဆည်းထားမိခဲ့ပါသည်။ အခြားသူများကိုလည်း ဖတ်စေချင်သောစေတနာထားပြီး စာအုပ်တစ်အုပ်ကို အမြန်စီစဉ်မိပါသည်။ အသိဉာဏ်ပညာအားနည်းမှုကြောင့် တချို့သော စာရေးဆရာများထံသို့သာ ခွင့်တောင်းချိန်ရပြီး တချို့သော စာရေးဆရာများနှင့် ကွယ်လွန်ပြီးသောစာရေးဆရာများ၏ ကျန်ရစ်သောမိသားစုများထံသို့လည်း အချိန်မီခွင့်တောင်းချိန်မရဘဲ ပုံနှိပ်ထုတ်ဝေမိခဲ့သည်မှာ ကြီးစွာသောအမှားကို ကျူးလွန်မိခြင်းဖြစ်ပါသည်။ ထိုအမှားအတွက် ဆရာအရှင်ပုည(ဝကုန်း)၊ ဆရာအောင်သင်း၊ ဆရာမောင်စွမ်းရည်၊ ဆရာမောင်သော်က၊ ဆရာသရဝဏ်(ပြည်)၊ ဆရာတင်ညွန့်၊ ဆရာညီညီဇော်၊ ဆရာသန်းမင်းထွဋ်၊ ဆရာဦးရွှေအောင်၊ ဆရာကျော်ဟိန်း၊ ဆရာဦးရဲထွဋ်၊ ဆရာလောကပါလ၊ ဆရာမင်းလူ၊ ဆရာပီသ၊ ဆရာမဂ္ဂဏ်ပုဝါ(မြန်အောင်)၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာခင်မောင်နှင်း၊ ဆရာမင်သေ့၊ ဆရာကောင်းကင်ထက်ကကြယ်စင်၊ ဆရာဖန်မီးအိမ်၊ ဆရာဦးရန်အောင်(ဩဋ္ဌာရိကသုခမတိုင်းရင်းဆေး)၊ ဆရာစိန်မွှတ်တားစသည့် စာရေးဆရာများနှင့် သက်ဆိုင်သောမိသားစုများအား အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။ နောက်နောင်ထိုကဲ့သို့သော အမှားမျိုးကို ထပ်မံမှားယွင်းကျူးလွန်တော့မည်မဟုတ်ကြောင်း အကြွင်းမဲ့ဝန်ခံကတိပြုပါသည်။ မိမိကြည်ညိုလေးစားရသော စာရေးဆရာကြီးများကို စိတ်အနှောင့်အယှက်ဖြစ်စေသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်ရပါသည်။ ထို့ကြောင့် မဖြန့်ချိရသေးသော စာအုပ်များနှင့် ပြန်လည်သိမ်းဆည်းနိုင်ခဲ့သော စာအုပ် ၇၀၀ကျော်ကို ပြန်လည်သိမ်းဆည်းကာ "နှလုံးသားကိုထိသောစာများ" စာအုပ်ဖြန့်ချိမှုကို အပြီးအပိုင်ရပ်သိမ်းလိုက်ပါသည်။

ဦးစိုးမြင့်၉/အမရ(နိုင်)၁၆၇၁၆၃
မေတ္တာရှင်(ရွှေပြည်သာ)
ရွှေပြည်သာစာပေ၊ အမှတ်(၂၂)၊ မြေညီထပ်၊ (၄၄)လမ်း (အောက်ဘလောက်)၊
(၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၀၉-၂၅၅၅၆၄၂၂၃၊ ၀၉-၇၇၆၆၄၀၇၁၃

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဗိုလ်ဗစိုး(၂)လမ်း၊ မြေကွက်အမှတ်(၁၁၉၂/ခ+၁၁၉၅)၊ အကျယ်အဝန်း(၆၀ပေ× ၆၀ပေ)ရှိ ဦးအေးမောက်(၁၂/ကမရ(နိုင်)၀၃၅၂၂၃) အမည်ပေါက် မြေကွက်အနက်မှ (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးခွန်အောင်ငွေ (၁၃/ကတလ(နိုင်)၀၁၈၉၀၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇော်ရွှေ (၂/လကန (နိုင်) ၀၁၁၈၇၃)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L, | LL.B. |

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### ကျောက်ဆည်ခရိုင်တရားရုံးတော်
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅

ဒေါ်ရွှေရွှေသန်း(ခ)ဒေါ်စန်းစန်း နှင့် ၁။ ဦးဗိုလ်သူ(ခ)သူရဗိုလ်ဗိုလ်
၂။ ဒေါ်သေးသေး(ခ)ဒေါ်မီးငယ်
၃။ ဦးကျော်စိုး(ခ)ဦးကျော်လှိုင်
၄။ ဒေါ်ဝင်းကြည်

တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်း၊ အနောက်ဘက်ကျောကပ်လမ်း၊ (ဃ-၇)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ မီးရထားလိုင်းခန်းနေ (၁)တရားပြိုင်ဦးဗိုလ်သူ(ခ)သူရဗိုလ်ဗိုလ်(ဘ)ဦးဗိုလ်သန်း၊ (၂)တရားပြိုင် ဒေါ်သေးသေး(ခ)ဒေါ်မီးငယ် (ဘ) ဦးမြင့်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝန်ခံကတိစာချုပ်ပါ ချေးငွေကျပ်သိန်း ၁၇၀ နှင့် နစ်နာကြေးငွေကျပ်သိန်း(၅၀)၊ နှစ်ရပ်ပေါင်းကျပ်သိန်း ၂၂၀ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဇွန် ၃၀ရက်(၁၃၈၄ခုနှစ် ဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်ဆည်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ ဒေသန္တရလမ်း၊ မြေကွက်အမှတ်(၄၂)ဦးအုံးကြွယ်အမည်ပေါက် ပါမစ်မြေ အမျိုးအစားပေ (၄၀'x၆၀') ရှိမြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးဝင်းကျော်ကျော်ဗိုလ် ၁၂/ဒဂရ(နိုင်)၀၁၀၉၅၁က ဝန်ခံကတိပြုပြောဆိုလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးအောင်ကျော်မြင့်(LL.B)** | **ဒေါ်အိအိလင်း (LL.B)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၆၄၉)** |

**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅၊ ၀၉-၇၆၃၃၉၁၈၃၉**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### လွိုင်လင်မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၂

မောင်ရဲဝင်းလတ် နှင့် ဒေါ်ကြည်ညွန့်(ခ)ဒေါ်ကြည်ကြည်မာ
တရားလို တရားပြိုင်

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ လွိုင်လင်မြို့၊ အမှတ်(၄)ရပ်ကွက်နေ (ဘ)ဦးကျော်၏သမီးဖြစ်သူ ဒေါ်ကြည်ညွန့်(ခ)ဒေါ်ကြည်ကြည်မာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင်တရားလို မောင်ရဲဝင်းလတ်က "ဝယ်ယူပိုင်ဆိုင်သော အိမ်ခြံမြေကွက်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့်နေအိမ်ခြံမြေအရောင်းအဝယ်စာချုပ်စာတမ်း မှတ်ပုံတင်ပေးစေလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၂၇ရက် (၁၃၈၄ ခုနှစ်၊ နယုန်လကွယ်နေ့)မွန်းမတည့်မီ ၁၀:၀၀နာရီတွင်အထက်အပိုဒ်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာရွက်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းသီရိခင်ခင်)**
**မြို့နယ်တရားသူကြီး**
**လွိုင်လင်မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် ၁၂/၂က၊ စီတာပူတောင်၊ ဦးပိုင်အမှတ်(၃)၊ မြေရေိယာ ၀ ဒသမ ၁၈၃ဧကရှိ မြေကွက်သည် ဦးအောင်မြင့်အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဦးအောင်မြင့်ထံမှ ဒေါ်ခဘောင်းဆိုင်းဘူက ၁၃-၇-၂၀၀၀ရက်တွင်လည်းကောင်း၊ ဒေါ်ခဘောင်းဆိုင်းဘူထံမှ ဦးပိုင်(၃/ခ)၊ မြေရေိယာ ၀ ဒသမ ၀၈၇ဧကအပိုင်းကို ဒေါ်ဂျာနန်က ၉-၃-၂၀၁၆ ရက်တွင်လည်းကောင်း အသီးသီးဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် မူလဂရန် အမည်ပေါက်သူ ဦးအောင်မြင့်သည် မည်သည့်အရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်သွားသည်ကို မသိရှိပါကြောင်းနှင့် ဒေါ်ဂျာနန်အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ရရှိရေးအတွက် ၁၄-၃-၂၀၂၂ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၁၀၉/၂၀၂၂)ကို ၁၇-၃-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၁၁/၂၀၂၂)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း(၂)မျိုးအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော်တိုးချဲ့ရေပေးရေး(ပေါင်းလောင်း) စီမံကိန်းအတွက် ရေယူအဆောက်အဦတည်ဆောက်ခြင်း၊

(ခ) နေပြည်တော်တိုးချဲ့ရေပေးရေး(ပေါင်းလောင်း)စီမံကိန်းအတွက် ရေခေါ်မြောင်း Leading Channelနှင့် ကျောက်စီနံရံ တည်ဆောက်ခြင်းလုပ်ငန်း။

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၀-၆-၂၀၂၂ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၄-၇ -၂၀၂၂ ရက်၊ ( ၁၄ : ၀၀)နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း-၀၆၇-၄၁၀၃၂၁၉၊ ၀၉-၄၃၀၄၃၇၉၄တို့တွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ လားရှိုးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့ အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Basic Consumable များအား ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့် အချိန်** - ၁၆-၆-၂၀၂၂ ရက်၊ နံနက် (၉:၀၀) နာရီ

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၃၀-၆-၂၀၂၂ရက်၊ ညနေ (၄:၀၀) နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့ ။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးပစ္စည်းများ၏ စာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၊ ဖုန်း ၀၈၂-၂၂၀၂၉၄၇ သို့လာရောက် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြင်ဆင်မှုဆိုင်ဆိုရန် ချိန်းဆိုသည့်ရက်ကို
## ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေပုဒ်မ-၁၁၅)
## ကရင်ပြည်နယ်တရားလွှတ်တော်၌
## ၂၀၂၁ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၁၉

ဒေါ်မြင့်မြင့်ရီ နှင့် ၁။ ဦးအောင်ကျော်သောင်း
နတ်သျှင်နောင်လမ်း၊ အမှတ် ၂။ ဒေါ်နွေးနွေး
(၄)ရပ်ကွက်၊ မြဝတီမြို့။ ချစ်ကြည်ရေးလမ်း၊
အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့။

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၂၂ခုနှစ် မတ် ၁၅ရက်စွဲပါ မြဝတီခရိုင်တရားရုံးတော်မှ စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်မှုလျှောက်ထားမှု။

ပြင်ဆင်မှုလျှောက်ထားခံရသူ (၁)ဦးအောင်ကျော်သောင်း၊ (၂)ဒေါ်နွေးနွေး ချစ်ကြည်ရေးလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မြဝတီခရိုင်တရားရုံးတော်ကချပေးသည့် စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်မှုလျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၂ခုနှစ် ဇူလိုင် ၁၀ ရက် (၁၃၈၄ခုနှစ် ဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန်ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဌေးညွန့်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေကွက်အမှတ် (ပ-၁၆၂၄) ၏မြေပေးမိန့်(မြေကွက်နေရာချထားပေးခြင်းလက်မှတ်)မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက်ဦးအောင်မြင့် ၉/မထလ(နိုင်)၀၂၁၁၂၅ (ဘ)ဦးစံပေါမှ မြေပေးမိန့်မူရင်းပျောက်ဆုံးကြောင်း၊ တရားရုံးကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ပေါ်ရှိ အဆောက်အအုံဓာတ်ပုံများ တင်ပြပြီး မြေပေးမိန့်(မြေကွက်နေရာချထားပေးခြင်းလက်မှတ်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ နောင်ကွဲကျေးရွာနေ ကျွန်မ ဒေါ်မြင့်မြင့်ဦး ၉/မကန(နိုင်) ၁၄၇၃၄၇က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမောင်မောင်(ခ)လောက်ဆန် (ဘ)ဦးရန်ရီဟွေး(ခ)ယန်ချီရီ ၁၃/သနန(နိုင်)၀၆၆၇၅၄ နှင့် ကျွန်မသည် လွန်ခဲ့သည့် ( ၁၇ )နှစ် ကတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကာ သားသမီး(၄)ဦးထွန်းကားခဲ့ပါသည်။ လက်ထက်ပွားပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လားရှိုးမြို့နယ်၊နောင်မွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၅၇/နောင်ကွဲရွာကွင်း)၊ မြေချိန်ဧရိယာ (၁၄.၄၅)ဧက၊

(ခ) လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ၊ နောင်မွန်ကျေးရွာအုပ်စု၊ (အထကကျောင်း)၏ အနီး နံဘေးရှိ မြေချိန်ဧရိယာ(၂)ဧက၊

(ဂ) လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာအုပ်စု၊ ခိုဆန်တန်ကျေးရွာရှိ မြေချိန်ဧရိယာ(၂)ဧက တို့ဖြစ်ပါသည်။

အထက်ပါ လက်ထက်ပွားပစ္စည်းများကို ကျွန်မ ဒေါ်မြင့်မြင့်ဦး၏ သဘောတူညီမှုမရဘဲရောင်းချ၊ လှူဒါန်း၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်း အစရှိသည်တို့ လုပ်ဆောင်ပါက ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဦး ၉/မကန(နိုင်)၁၄၇၃၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ကျောင်းနှင့် ဌာနများတွင် လစ်လပ်လျက်ရှိသော
## အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ဌာနများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိနှင့်နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး(လစာနှုန်း) | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | စာရင်းကိုင်(၄) (၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀ိ) | စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ | (၇၅)ဦး |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀ိ) | ဘွဲ့တစ်ခုခုရရှိသူ | (၁၅၇)ဦး |
| (ဂ) | ယာဉ်မောင်း(၅) (၁၆၂၀၀၀ိ-၂၀၀ိ-၁၇၂၀၀၀ိ) | အခြေခံပညာ မူလတန်းအောင်မြင်သူ | (၄၀)ဦး |
| (ဃ) | ရုံးအကူ (၁၄၄၀၀၀ိ-၂၀၀ိ-၁၅၄၀၀၀ိ) | အခြေခံပညာအထက်တန်း အဆင့်ရှိသူ | (၄၈)ဦး |
| (င) | အစောင့် (၁၄၄၀၀၀ိ-၂၀၀ိ-၁၅၄၀၀၀ိ) | အခြေခံပညာ မူလတန်းအောင်မြင်သူ | (၁၅)ဦး |
| (စ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀ိ-၂၀၀ိ-၁၅၄၀၀၀ိ) | အခြေခံပညာ မူလတန်းအောင်မြင်သူ | (၁၅)ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်ထားသူများသည် (၃၀-၆-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၅)နှစ်ထက် မကျော်သူ ဖြစ်ရမည်။

(ဂ) ယာဉ်မောင်း(၅)ရာထူး၊ အစောင့်ရာထူး၊ သန့်ရှင်းရေးအကူရာထူးနေရာများအတွက် လျှောက်ထားသူများသည် (၃၀-၆-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၄၅)နှစ်ထက် မကျော်သူ ဖြစ်ရမည်။ ယာဉ်မောင်း(၅)ရာထူးအတွက် သတ်မှတ် “ခ” ယာဉ်မောင်း လိုင်စင်ရှိပြီး ကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်မည်။

(ဃ) ရုံးအကူရာထူးနေရာအတွက် လျှောက်ထားသူများသည် (၃၀-၆-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၅)နှစ်ထက် မကျော်သူ ဖြစ်ရမည်။

(င) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသားဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။

(စ) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက်အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဈ) စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လုပ်ငန်းသဘောသဘာဝအရ ကွန်ပျူတာကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်သွားမည်။

(ည) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဋ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန Website www.dtvet.gov.mm တွင် dowload ရယူ၍ သော်လည်းကောင်း၊ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် လျှောက်လွှာများကို ထုတ်ယူ၍သော်လည်းကောင်း အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် (၁၅-၇-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ် မိတ္တူ၊ အခြေခံပညာမူလတန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊ အခြေခံပညာအထက်တန်းတက်ရောက်ခဲ့ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်မိတ္တူ၊ သတ်မှတ် “ခ” ယာဉ်မောင်းလိုင်စင်မိတ္တူ။

(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ဂ) (၁)နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်မိတ္တူ။

(ဃ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း။

(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

၄။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲဖြေဆိုရမည်။

၅။ ယာဉ်မောင်း(၅)ရာထူး၊ ရုံးအကူရာထူး၊ အစောင့်ရာထူးနှင့် သန့်ရှင်းရေးအကူရာထူးနေရာများအတွက် လျှောက်ထားသူများကို လူတွေ့စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။

၆။ လူတွေ့စစ်ဆေးချိန်တွင်(ဘွဲ့လက်မှတ်/ အခြေခံပညာမူလတန်းအောင်မြင်ကြောင်း ထောက်ခံချက်၊ အခြေခံပညာအထက်တန်းတက်ရောက်ခဲ့ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်၊ သတ်မှတ် “ခ”ယာဉ်မောင်း လိုင်စင်)မူရင်းများ တင်ပြနိုင်ရမည်။

၇။ ရေးဖြေအောင်မြင်သူစာရင်းနှင့် အလုပ်ခန့်အပ်ခြင်းခံရသူများစာရင်းအား Website www.dtvet.gov.mm နှင့် နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ထားသောရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့် ကတ်ပြားများကို (၂၁-၇-၂၀၂၂)ရက်နေ့နှင့် (၂၂-၇-၂၀၂၂)ရက်နေ့ များတွင် မိမိတို့လျှောက်ထားခဲ့သည့်ကျောင်းနှင့် ဌာနများ၌ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ ရေးဖြေအောင်မြင်သူများနှင့် အမှတ်စဉ်(ဂ)၊ (ဃ)၊ (င)နှင့် (စ)တို့အတွက် လူတွေ့/ ကျွမ်းကျင်မှု စစ်ဆေးခြင်းကို (၂၀-၈-၂၀၂၂)ရက်နေ့၊ နံနက်(၉:၀၀)နာရီအချိန်တွင် ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၁။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၂၃-၇-၂၀၂၂) | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |
| (ခ) | အထွေထွေဗဟုသုတ | (၂၃-၇-၂၀၂၂) | မွန်းလွဲ ၀၁:၀၀နာရီ မှ ၀၃:၀၀နာရီ အထိ |
| (ဂ) | အင်္ဂလိပ်စာ | (၂၄-၇-၂၀၂၂) | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |

**မှတ်ချက်။** အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၂၇-လမ်း၊ ၈၂x၈၃ လမ်းကြားနေ ဦးမောင်ဝင်း (ဘ)ဦးစိုးဝင်း ၉/မရမ(နိုင်)၀၂၇၁၈၁ မှ အမည်ရှိ အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၁၀၇၇/၂၀၂၂) အရ တရားဝင်မှတ်ပုံတင် တင်သွင်းထားပြီး AUTOMOBILE GASKETS၊ အင်ဂျင် Head ဂက်စ်ကက်၊ ဂက်စ်ကက် Full Set၊ ဂက်စ်ကက်နှင့် ပတ်သက်သည့် အပိုပစ္စည်းအမျိုးမျိုး ဖြန့်ဖြူးရောင်းဝယ်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ် (၁၀၇၇/၂၀၂၂)**

အထက်ပါ အမည်အမှတ်တံဆိပ် အမည်အမှတ်အသားတို့ဖြင့် AUTOMOBILE GASKETSတို့ကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၂၇-လမ်း၊ ၈၂x၈၃ လမ်းကြားတွင် ရောင်းချလျက်ရှိပြီး၊ အဆိုပါပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများပေါ်တွင် လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တို့ အစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-** **ဦးသက်ထွန်းဦး (LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်-၃၈၃၂၈)**
**၈၄-လမ်း၊ ၃၇x၃၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၉၇၂၅၃၁၄၅**

## အမည်မှန်

လားရှိုးမြို့၊ စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆဋ္ဌမတန်းမှ မယုံဖင်(ဘ)ဦးဆင်ဒါ ၏ အမည်မှန်မှာ မသင်းသဇင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက(ခွဲ)၊ မုကျိုကျောင်း၊ Grade-4 မှ နန်းခိုင်ခိုင်မြင့် ၏ ဖခင်အမည်မှန်မှာ ဦးစိန်ကျော်ဝင်း ၃/လဘန(နိုင်)၂၀၉၃၆၉ ဖြစ်ပါကြောင်း။

**ဦးစိန်ကျော်ဝင်း**

## အမည်မှန်

မူဆယ်မြို့နယ်၊ မန့်ဟီးရိုးမြို့၊ ရပ်ကွက်(၁)နေ ဦးကျော်စွာထွန်းနှင့် ဒေါ်နန်းဆိုင်နွမ်တို့၏ သမီးအမည်မှန်မှာ နန်းလှိုင်းမိုင် ဖြစ်ပါကြောင်း။

**နန်းလှိုင်းမိုင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အထက(မြင်ကွန်း) Grade-9 မှ မသက်ထားမောင်ရီ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရီ ၈/မကန(နိုင်)၀၈၉၂၇၄ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ရီ**

## အမည်ပြောင်း

ဦးသော်ဇင်လင်း ၈/ဆပဝ(နိုင်)၀၈၃၄၅၉ ၏ သမီး မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အမက(လွန်ချီ)၊ Grade-2မှ မအေးအေးအောင်အား မနှင်းရွှေစင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းရွှေစင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4700 TOYOTA DYNA ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညနခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/2943 Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအေး ၈/ငဖန(နိုင်)၀၁၆၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညနခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၆)၊ မောသီရိတိုးချဲ့(၁) ဦးပိုင်အမှတ် (၁၄) မြေချိန်ဧရိယာ ၀ ဒသမ ၀၆၉ ဧက မြေဂရန်အမှတ်အမှတ် ၀၅၀.၅/၂၀၂၂-၂၀၂၃ မြေကွက်ကို ဒေါ်ကေ့ဆိုင် ၁၃/လရန(နိုင်)၁၀၉၇၄၂ နှင့် ဒေါ်လုမျှော် ၁၃/လရန(နိုင်)၁၀၉၈၂၄ တို့မှ အမည်ပေါက် ပိုင်ဆိုင်ပြီး လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် ၂၉၂၊ ၂၀၂၀ ဖြင့် ဦးထွန်းထွန်း ၁၃/လရန(နိုင်)၀၉၅၉၆၄ သို့ မြေကွက်၏ တောင်ဘက်ခြမ်း၊ မြေချိန်ဧရိယာ (၀ဒသမ၀၃၄) ဧက အား ခွဲစိတ်ရောင်းချပေးခဲ့ပြီး ဦးထွန်းထွန်းမှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း (၂၀)အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၈)၊သုခကာရီလမ်းသွယ်(၅)၊ အိမ်အမှတ် (၁၂၀၈)နေ ဦးလောက်ဆန်း ၁၃/လရန(နိုင်)၀၅၆၉၉၇၊ ဒေါ်ဆန်းကြည်(ကွယ်လွန်)တို့၏သား မောင်ရန်ကင်း ၁၃/လရန(နိုင်)၀၅၇၆၈၆ သည် ဖခင်၏ ဆိုဆုံးမစကားကို မနာခံဘဲ ဖခင်အား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုမူနေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဂ)တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလောက်ဆန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုသဇင်ထွန်း(LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ် -၃၅၅၉၅/၂၀၁၀)**
**ရပ်ကွက်(၉)၊ နယ်မြေ(၂)၊ လားရှိုးမြို့၊**
**ဖုန်း-၀၉-၂၅၈၄၁၉၉၅၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဒ ဟိုတယ်ဇုန်အရှေ့ရပ်)မြေကွက်အမှတ် (JM-079)၊ မြေဧရိယာ ၁ဒသမ ၀၀ဧကရှိ ဦးကိုကိုအေး (ဖြိုးစည်သူကျောက်မျက်) (ဘ)ဦးတင်ရွှေ ၁၂/ဗဟန(နိုင်)၀၅၃၆၉၂ အမည်ပေါက် မြေကွက်၏ မြေပေးမိန့်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ရက်(၃၀)အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊နယ်မြေ(၁၇)၊ ရွှေလယုန်ကားဂိတ်အနီးနေ ဦးအောင်နိုင်ဆန်း ၉/မသန(နိုင်)၀၁၀၀၀၉-ဒေါ်မှတ်ကြည် ၉/မသန(နိုင်)၀၉၆၀၃၅ တို့၏သမီး မအေးမြတ်သူ ၁၃/လရန(နိုင်)၂၀၃၂၂၇ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှအကြိမ်ကြိမ်ထွက်သွားတတ်ပါသည်။ သို့ပါ၍ မအေးမြတ်သူအား ယနေ့ကြေညာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ပြဿနာအရှုပ်အရှင်းမှန်သမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းသွားမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဆန်း-ဒေါ်မှတ်ကြည်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခု ပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက် ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊

*စာမျက်နှာ ၆ ကော်လံ ၁* ❖



## ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း (၁၇-၆-၂၀၂၂)ရက်၊ သောကြာနေ့နံနက် ထုတ်ပြန်ကြေညာမည်

၁။ ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို (၁၇-၆-၂၀၂၂)ရက်၊ သောကြာနေ့ နံနက် (၀၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့်(၁၇-၆-၂၀၂၂) ရက်နေ့၊ နံနက်(၄) နာရီတွင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည် ဖြစ်ပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင်

*စာမျက်နှာ ၉ ကော်လံ ၁* ■

**ယနေ့ သတင်းအညွှန်း**

ပလတ်စတစ်အမှိုက်မှ ဇီဝလောင်စာထုတ်လုပ်ရန် ကူဝိတ် ကြိုးစားနေ

နိုင်ငံတကာသတင်း စာ - ၁၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်ဟောင်း ဦးလှစိုး၊ စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးနှင့် တိုင်းအတွင်းရေးမှူး ဦးစိုးစိုးဇော်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

ပြည်တွင်းသတင်း စာ - ၁၄